မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၂၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ပစ္စည်းထုတ်လုပ်ရာတွင် အရည်အသွေးတိုးတက်မြင့်မားရေးကြိုးပမ်း စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး

တိုင်းရင်းသားစက်မှုလုပ်ငန်းရှင်များက အမျိုးသားရေးအမြင်ဖြင့်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၃၁ရက် မွန်းလွဲပိုင်းတွင် ဖောဓိတစ်ထောင်ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတောင်ခြေရှိ ဖောဓိတစ်ထောင် ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွှန့်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စက်ယာဉ်ယန္တရားများ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာစက်မှုဇုန် စက်အစိတ်အပိုင်းထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံ့စီးပွားရေး၊လူမှုရေးနှင့် အခြားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍသည် မောင်းနှင်အားဖြစ် အိုင်စီတီကို လူ့အဖွဲ့အစည်း အလွှာအသီးသီးမှ အသုံးချနိုင်ရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ဇနာရီခွဲ တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက် (Myanmar Info-Tech Corporation Ltd.)၏ ပဉ္စမအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန **စာမျက်နှာ ၈ ကော်လံ ၁** ●

မိုးလေဝသအခြေအနေ

၃-၂-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

နည်းလမ်းစုံကြံဆောင်နေသည့် အဖျက်သမားများ၏အန္တရာယ် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားဖြင့် တွန်းလှန်တိုက်ဖျက်

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် မိမိနိုင်ငံအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားရှိကြမြဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မျိုးချစ်စိတ်ဓာတ်ကိုအခြေခံပြီး ဖွဲ့စည်းထားသည့် မြန်မာ့တပ်မတော်ရှိသည်။ မြန်မာ့တပ်မတော်သည် တပ်သားသစ်များစုဆောင်းရာ၌ ၎င်းတို့၏ဆန္ဒအရ ဝင်ရောက်ခွင့် ပြုသော်လည်း သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှသာ တပ်သားသစ်အဖြစ် လက်ခံလျက်ရှိသည်။

မြန်မာ့တပ်မတော်တွင် စစ်သားစုဆောင်းရေးဆိုင်ရာ မူဝါဒများကို ၁၉၄၇ခုနှစ်ကပင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်သည့်အပြင် ၁၉၅၉ခုနှစ် တပ်မတော် အက်ဥပဒေကိုလည်း သတ်မှတ် ပြဋ္ဌာန်းထားရှိသည်။ ထို့ပြင် အရွယ်မရောက်သေးသူကလေးငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ၅ရက်နေ့တွင် ဖွဲ့စည်းတာဝန် ပေးခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံရှိ UNDP၊ UNICEFဌာနေကိုယ်စားလှယ်များနှင့်မန္တလေးရှိ ICRC ရုံး အကြီးအကဲတို့ကို ၂၀၀၆ခုနှစ် အောက်တိုဘာလ၂၅ရက်နေ့တွင် မန္တလေးစစ်သားစုဆောင်းရေးတပ်၌ တပ်သားသစ်များ စုဆောင်းထားရှိမှုကို လေ့လာခွင့်ပြုကာ တပ်သားသစ်များနှင့် တွေ့ဆုံမှုတို့ကို ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံတွင် တပ်သားသစ်များ စုဆောင်းနေမှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်ကို လက်တွေ့ပြသခဲ့သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများက အရွယ်မရောက်သေးသူများအား စစ်မှုထမ်းခိုင်းနေသည်ဟူသော စွပ်စွဲချက်များဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိသည်။

သို့ဖြစ်ရာ နည်းလမ်းမျိုးစုံဖြင့် ကြံဆောင်နေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်မှုအင်အား၊ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကားများဖြင့် တွန်းလှန်တိုက်ဖျက် ကျော်လွှားသွားကြရမည်ဖြစ်သည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးဖိုးစိန်-ဒေါ် တင် တင်၊ ဦးသန်းဖေ-ဒေါ်စောညွန့်၊ ဒေါ်နု၊ မသန်းသန်းလင်းတို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၅၉ အခန်း (၈) နေ ဒေါ် ခင်မျိုး ညွန့် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ ၈ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် စက်မှုလုပ်ငန်းခွင် ဆက်ဆံရေးဆိုင်ရာ နိုင်ငံအဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

စက်မှုလုပ်ငန်းခွင်ဆိုင်ရာ အာဆီယံအစီအစဉ်အရ ကမ္ဘာလွှမ်းပတ်ဆက်နွှယ်မှု၊ ဒေသတွင်းပေါင်းစည်းမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စက်မှုလုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာ နိုင်ငံအဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball Room **၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ် လုပ်ငန်းရှင်များအသင်း၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် စက်မှုဇုန်များမှ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်၊ ဂျပန်နိုင်ငံကျန်းမာရေး၊အလုပ်သမားနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှင့် The ILO Association of Japan Inc မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကိုယ်စားလှယ် Mr. Naoya Nishimoto က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အမှတ်တရဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် တာဝန်ရှိသူများ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘန္ဒေကရတ္တသုတ်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"ဒဏ္ဍာရီ"** ဇင်ဝိုင်း၊ မေသန်းနု (ဒါရိုက်တာ- မောင်တင်ဦး)
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"** (အပိုင်း-၄)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၆။ English Premier League ဘောလုံးပွဲ Charlton Vs Chelsea (Live)

ရန်ကုန်မြို့ ဗဟန်း မြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် ကုက္ကိုင်းရိပ်သာလမ်း အမှတ် ၁၅(ဒီ)နေ ဦးညီညီလွင်၊ ဒေါ်နန်းစီဖောင်း မိသားစုတို့က ဦးညီညီလွင်၏ မွေးနေ့ အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ် သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေးနုဝိသတိမအစည်းအဝေး၊ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပထမအစည်းအဝေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေးနုဝိသတိမ အစည်းအဝေးကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၈၊၉ ရက် (၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃၊ ၂၄ရက်) သောကြာ၊ စနေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၄ ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်) တနင်္လာနေ့တွင်လည်းကောင်း။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁၊၁၂၊၁၃ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆၊၂၇၊၂၈ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်) တနင်္ဂနွေနေ့တွင်လည်းကောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့ (၂၀၀၇ ခုနှစ် မတ်လ ၂ရက်)သောကြာနေ့တွင် ကျင်းပမည်ဖြစ်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရမည့် ဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများ၊ ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၃ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်) ဗုဒ္ဓဟူးနေ့တွင်လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်းနှင့် ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် သာသနာရေးဦးစီးဌာနမှ ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူတို့ရှောင်ကြဉ်သင့်သော မကောင်းမှုခြောက်ပါး

ရှောင်ကြဉ်သင့်သော တရားများတွင် ဒေါသမီးသည် ကိလေသာဆယ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သကဲ့သို့ မီး၁၁မီးတွင်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ထိုအထဲတွင် လူတို့ရှောင်ကြဉ်သင့်သော အောက်ပါမကောင်းမှုခြောက်မျိုးကို သတိပညာနှင့်ယှဉ်၍ အမြဲတမ်းလွတ်အောင် ရှောင်ကြရမည်–

၁။ အမျက်ဒေါသကြီးခြင်း၊
၂။ ဂုဏ်တုဂုဏ်ပြိုင်ခြင်း၊ ကျေးဇူးမဲ့ခြင်း၊
၃။ ကောက်ကျစ်စဉ်းလဲ ဖြားယောင်းသွေးဆောင်တတ်ခြင်း၊
၄။ မှားသောအယူ မကောင်းသောဆန္ဒရှိခြင်း၊
၅။ မနာလိုဝန်တိုခြင်း၊
၆။ ဆင်ခြင်မဲ့ပြုတတ်ခြင်း၊ တဇောက်ကန်းပြုကျင့်ခြင်း။

ဟူသည့် ဒေါသကို အခြေခံ၍ ဖြစ်ပေါ်လာတတ်သော အဆိုးတရားခြောက်ပါးကို လူလိမ္မာသူတော်ကောင်းတို့ အမြဲမပြတ် သတိထား ရှောင်ကြဉ်အပ်ပေသည်။

ဓမ္မပဒတွင် ကာဠီဘီလူးမကို အကြောင်းပြု၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်မှာ–

"ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်၊ ရန်မတုံ့မူခြင်းဖြင့်သာ ငြိမ်းကုန်၏။ ဤသဘောသည် ရှေးရိုးစဉ်လာ တရားပင်တည်း" ဟူ၍ ဂါထာဖြင့် ဆုံးမဟောကြားတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ရန်ငြိုးဖြစ်သော ဒေါသကို ထိန်းကြရပေမည်။ ။

ဓမ္မပဒ–၂၂၂

(သာသနာရေး)

■ **ရွှေဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဇောဓိတစ်ထောင်ရေလှောင်တမံ

အဆိုပါဇောဓိတစ်ထောင်ရေလှောင်တမံစီမံကိန်းကို ဇောဓိတစ်ထောင် သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေး၊ ဒေသသောက်သုံးရေ ဖူလုံရေးနှင့် လယ်မြေဧက ၁၀၀ သို့ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရေထွက်ချောင်းကို တမံပိတ် တည်ဆောက်နေခြင်းဖြစ်ပြီး တမံမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအမြင့် ၇၅ပေ၊ တမံအလျား ပေ ၆၇၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၆၈၃ ဧကပေ ၊ ကန်ရေသေရေလှောင်ပမာဏ ၈၁ ဧကပေ ရှိမည်ဖြစ်ပြီး ၂၀၀၆ –၂၀၀၇ ခုနှစ်တွင် စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၇–၂၀၀၈ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေး–မုံရွာ ကားလမ်းမကြီးပေါ်ရှိ မုံရွေး–ကြေးမုံ ကျေးရွာအနီးမှ ဇောဓိတစ်ထောင် သာသနာ့နယ်မြေသို့ ဆက်သွယ် ဖောက်လုပ်ထားသည့် လမ်းသစ်အား မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး လယ်ထွန်စက်ငယ်များ၊ မော်တော်ကားဘရိတ် ဒရမ်များ၊ မီးရထားဘရိတ်ရှူးများနှင့် မုံရွာစက်မှုဇုန်မှ ထုတ်လုပ်သော ပြည်တွင်းဖြစ် မော်တော်ယာဉ်များအတွက် လိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်တပ်ဆင်နေမှု၊ ပုံဖိ၊ပုံလောင်းနေမှု၊ ကုန်ကြမ်းစုဆောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးမောင်မောင်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်မှ ထုတ်လုပ်သော မီးသတ်ယာဉ်များ၊ Light Truck ယာဉ်များနှင့် ချင်းတွင်းစတား မော်တော်ယာဉ်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဆိုပါစက်ရုံ ချင်းတွင်းရတနာခန်းမ၌ မုံရွာစက်မှုဇုန်မှ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ စက်ရုံအလုပ်ရုံလုပ်ငန်းရှင်များအား တွေ့ဆုံရာ ရှေးဦးစွာ မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးငြိမ်းအောင်က စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့် ထုတ်ကုန်ပစ္စည်းများ အခြေအနေကို လည်းကောင်း၊ သီဟထွန်းကုမ္ပဏီလီမိတက်မှ စက်ရုံမှူး ဦးမောင်မောင်က သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ဆည်မြောင်းလုပ်ငန်းသုံးစက်ယန္တရားကြီးများအတွက် လိုအပ်သောစက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ အကြံပြုရှင်းလင်းတင်ပြဆွေးနွေးသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန်၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေနှင့် အခြားစက်မှုဇုန်များနှင့် ပေါင်းစပ်ပြီး စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်နေမှု၊ ဌာနဆိုင်ရာများမှ အပ်နှံသည့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှု၊ အခြားကုမ္ပဏီများနှင့် အစုရှယ်ယာများ ဖြည့်ဆည်းပေါင်းစပ်ပြီး စက်မှုဇုန်၏ ထုတ်လုပ်မှုစွမ်းအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အလားအလာ၊ စက်ပစ္စည်းသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေး ဦးတည်ကြိုးပမ်းမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်၏ စက်မှုကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မုံရွာစက်မှုဇုန် အနေဖြင့် အဆင့်ဆင့် တိုးတက်အောင်မြင်မှုများကို တွေ့ရှိရ၍ ဝမ်းမြောက်ပါကြောင်း။

ဦးတည်ကြိုးပမ်း

စက်မှုဇုန်ရှိ စက်ရုံများအနေဖြင့် စက်ပစ္စည်းများထုတ်လုပ်ရာတွင်တစ်ကြိမ်ထက်တစ်ကြိမ် အရည်အသွေးပို၍ပို၍ တိုးတက် မြင့်မားလာအောင် အစဉ်ကြိုးပမ်းနေကြရမှာဖြစ်ကြောင်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ တစ်မျိုးချင်း၊ တစ်မယ်ချင်း၊ ကဏ္ဍတစ်ခုစီအလိုက် ထုတ်လုပ်နေရာမှ သီးခြားစက်တစ်ခုလုံးကို တစ်နေရာတည်းမှာ ထုတ်လုပ်သွားနိုင်အောင် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသရှိ တိုင်းရင်းသား စက်မှုလုပ်ငန်းရှင်များက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

စက်မှုဇုန်အတွင်း စက်ရုံပတ်ဝန်းကျင်တို့တွင် အမြဲတမ်းစိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရအပင်များကို စနစ်တကျ စိုက်ပျိုးသွားရေး စီမံဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မုံရွာမြို့၌ အသစ်ဖောက်လုပ်ထားရှိသည့် ပြည်ထောင်စုလမ်းမကြီး၏အခြေအနေကိုလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ မုံရွာမြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၈ခုနှစ် စာဆိုတော်နေ့အခမ်းအနား၊ စာပေဟောပြောပွဲ၊ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲက တာမွေအထက(၂)ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်၊တိုင်းရင်းဆေးသိပ္ပံ)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အဖွဲ့ဝင် စာရေးဆရာများ၊ ကျောင်းသူကျောင်းသားများ စုံညီစွာတက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

အစီအစဉ်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း**(အပေါ်ပုံ)**တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ၏ စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)က ဖတ်ကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေဝင်း(လူနေလင်း)က ရှင်းလင်းတင်ပြပြီး နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှဌေး (ကိုတူး/အညာမြေ)က ဖတ်ကြားတင်ပြသည်။

ဟောပြော

ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ ဦးတင်လှိုင်(ဆရာလယ်တွင်းသားစောချစ်)က **"ဘဝမှစာ၊ စာမှဘဝ"**အမည်ဖြင့် စာပေရေးရာများကို ဟောပြောပြီး အခမ်းအနားကို မွန်းလွဲ၁၂နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး စီမံရေးရာဌာန အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စမ်းစမ်းလှိုင်က လူမှုထူးချွန်(ပထမဆင့်)ရ အလုပ်သမားမှူး ဦးမြင့်စိုးအား ဆုချီးမြှင့်စဉ်။

(က–ပ)

ဘုရင့်နောင်ဈေး မီးဘေးကာကွယ်ရေး ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေး မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ဈေး ဈေးတာဝန်ခံရုံး၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဈေးများဌာန မြောက်ပိုင်းခရိုင်မှူး ဦးစိုးနိုင်၊ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူစိုးနိုင်၊ ဘုရင့်နောင် မီးသတ်စခန်းမှူး ဦးခင်ထွေး၊ ဘုရင့်နောင်ဈေး ဈေးသာယာရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အေးတို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဘုရင့်နောင်ဈေး ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဈေးလုံခြုံရေးဝန်ထမ်းများ၊ မြို့နယ်၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများက မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နည်းများကို လက်တွေ့ လေ့ကျင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အစားအသောက်ပွဲတော် ကျင်းပရာတွင် စားဖိုမှူးများက စားသောက်ဖွယ်ရာများ ပြင်ဆင်နေသည်ကို ဖေဖော်ဝါရီ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်လိုအပ် လွတ်လွတ်လပ်လပ်နှင့် အနှောင်အဖွဲ့ကင်းကင်း ရပ်တည်နိုင်ရေးကူညီရန် တူရကီနိုင်ငံအား ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်းပြောကြား

အန်ကာရာ ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံ၏ ပိုင်နက်နယ်မြေ တည်တံ့မှု၊ ပြည်သူများ ပေါင်းစပ်စုစည်းနိုင်မှု၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုနှင့် လွတ်လပ်စွာနေထိုင်မှုများ ပြန်လည်ရောက်ရှိရေးအတွက် ရရှိရန် တိုက်တွန်းလိုက်ကြောင်း တူရကီနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက ဆီးရီးယား အရာရှိများနှင့် တွေ့ဆုံစဉ် ဇန်နဝါရီ ၃၁ ရက်၌ ပြောကြားသည်။

တူရကီနိုင်ငံသို့ တစ်ရက်ကြာ အလုပ်သဘော အလည်အပတ်ခရီး ရောက်ရှိစဉ် အီရတ်နိုင်ငံအရေးကိစ္စ၊ ဆီးရီးယားနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်မူရာလမ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ အီရတ်နိုင်ငံအနေဖြင့် လွတ်လွတ်လပ်လပ်နှင့် အနှောင်အဖွဲ့ကင်းကင်း ရပ်တည်နိုင်အောင် ဝိုင်းဝန်းကူညီပေးကြရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်တွန်း

မိမိတို့အနေဖြင့် အီရတ်နိုင်ငံတွင် ဖြစ်ပွားနေသော ပြဿနာများကို ကူညီဖြေရှင်းပေးရာ၌ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုက်သည်။

ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး မူရာလမ်သည် ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်၏ စာချွန်လွှာကို တူရကီသမ္မတ အာမက်နက်ဒက်ဆီဇာထံသို့ ပေးအပ်ရန်လည်း ယူဆောင်လာခဲ့သည်။

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး မူရာလမ်သည် ဆီးရီးယားနိုင်ငံတွင် ဆီးရီးယားသမ္မတ၊ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးချုပ် ရီခစ်ကေယစ်စီအီရာဒိုကန်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

သတင်းထုတ်ပြန်

ထိုသို့ဆွေးနွေးရာတွင် အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့တွင် တူရကီနိုင်ငံသည် အရေးကြီးသော ကဏ္ဍမှပါဝင်နေကြောင်း၊ တူရကီနိုင်ငံအနေဖြင့် အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် သွေးထွက်သံယိုမှုများရပ်ဆိုင်းသင့်ပြီဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်ဟု အနာတိုလီယာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘာလာဒရေ့မြို့ အသေခံဗုံးခွဲ တိုက်ခိုက်မှု ၁၆ ဦးသေဆုံး၊ ၅၇ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ဘာလာဒရေ့မြို့အတွင်း အရှူရာ ဘာသာရေးပွဲတော် တက်ရောက်သူများအကြား အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ဇန်နဝါရီ ၃၀ရက်က ၁၆ဦး သေဆုံးပြီး၊ ၅၇ဦးဒဏ်ရာရရှိသွားကြောင်း ဒေသခံရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာရ

အီရန်နယ်စပ်နှင့်ဆက်လျက်ရှိသော ခါနာဘင်မြို့အတွင်း အလားတူ ဘာသာရေးပွဲတော်၌ ဗုံးပေါက်ကွဲသဖြင့် ရှီးယိုက်ဘုရားဖူး ၁၁ဦး သေပြီး ၃၈ဦး ဒဏ်ရာရရှိသွားသည်။

ပြောကြား

ဘဂ္ဂဒက်မြို့အနောက်ပိုင်း ဘိုင်ယားတွင်လည်း ရှီးယိုက်ဘုရားဖူးများ လိုက်ပါသည့် ဘတ်စ်ကားနှစ်စီးကို သေနတ်သမားများက ပစ်ခတ်သဖြင့် လေးဦးသေဆုံးပြီး၊ ခြောက်ဦးဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုမြင့်တက် ၂၀၁၀ ပြည့်နှစ်၌ ခရီးသွား ၂၆ သန်းခန့် ရောက်ရှိမည်ခန့်မှန်း

ဟန်ွိုင်း ဖေဖော်ဝါရီ ၂

ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိမှုသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလက ခရီးသွားဦးရေ ၃၆၉၀၀၀ လာရောက်ခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၉ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့က ဇန်နဝါရီ ၃၀ ရက်၌ ပြောကြားသည်။

ဗီယက်နမ်သို့ အလည်အပတ်ရောက်ရှိလာသည့် ခရီးသွားဦးရေမှာ ၂၃၆၀၀၀ ရှိပြီး ၁၈ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လာရောက်သည့် ဧည့်သည်အရေအတွက်မှာ ၅၀၁၀၀ ရှိပြီး အများဆုံးမှာ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန် ရောက်ရှိလာသူ အရေအတွက်ကများပြားကြောင်း သိရသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံသို့ အလည်အပတ် လာရောက်သည့် ခရီးသွားဧည့်သည့်များအနက် တောင်ကိုရီးယားနိုင်ငံသည် အရေအတွက် အများဆုံးဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်ဇန်နဝါရီလက ဗီယက်နမ်နိုင်ငံသို့ တောင်ကိုရီးယားဧည့်သည်များ ရောက်ရှိမှုမှာ ၄၈၅၀၀ ခန့်ရှိကြောင်း၊ အမေရိကန် ခရီးသွားများ ရောက်ရှိမှုသည် ၄၁၅၀၀ ကျော်နှင့် တရုတ်နိုင်ငံက ၄၀၇၀၀ ရှိကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

မျှော်မှန်းထား

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ ခုနှစ်၌ ခရီးသွားဧည့်သည် ရောက်ရှိမှုကို ၄ ဒသမ ၂ သန်းနှင့် ၄ ဒသမ ၄ သန်း လာရောက်မည်ဟု မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ခရီးသွားဧည့်သည် ၂၅ သန်းနှင့် ၂၆ သန်းခန့်အထိ လာရောက်ရန် ရည်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှ အမေရိကန် ဒေါ်လာ ၄ဒသမ ၅ဘီလီယံ ရရှိမည်ဟု မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဆန်ယာမြို့၌ မောင်ကမ္ဘာပြိုင်ပွဲ ကျင်းပမည်

ဟိုင်ကု ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံ ဆန်ယာမြို့ အပူပိုင်းအပန်းဖြေစခန်း၌ သုံးကြိမ်တိုင် မယ်ကမ္ဘာပြိုင်ပွဲကြီး ကျင်းပခဲ့ပြီးနောက် မတ်လတွင် အမျိုးသားများအတွက် မောင်ကမ္ဘာပြိုင်ပွဲကြီးလည်း ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းမြို့အစိုးရက ဇန်နဝါရီ ၃၁ ရက်၌ ကြေညာလိုက်သည်။

ပဉ္စမအကြိမ်မြောက် မောင်ကမ္ဘာပြိုင်ပွဲကျင်းပရေးအဖွဲ့က နိုင်ငံနှင့် ဒေသပေါင်း ၈၀ကျော်မှ ပြိုင်ပွဲဝင် လျှောက်ထားသူပေါင်း စံချိန်တင်လက်ခံထားပြီးဖြစ်ကြောင်းဆန်ယာဒုတိယမြို့တော်ဝန် လီဘိုကျင်းက ပြောကြားလိုက်သည်။

အဆိုပါ မောင်ကမ္ဘာပြိုင်ပွဲကို ယခုနှစ် မတ်၃၁ရက်တွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ယင်းပြိုင်ပွဲကို ကမ္ဘာတစ်ဝန်းသို့ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆန်ယာမြို့သည် တရုတ်နိုင်ငံ၏ တောင်ဘက် အကျဆုံးမြို့ ဖြစ်ပြီး ဟိုင်နန်ကျွန်း၌ရှိသော မြို့ဖြစ်သည်။ ယင်းမြို့၌ မယ်ကမ္ဘာပြိုင်ပွဲကို ၂၀၀၃ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ကျင်းပခဲ့သည်။

ဆန်ယာမြို့သည် မောင်ကမ္ဘာပြိုင်ပွဲကို ကျင်းပရန် အကောင်းဆုံးနေရာဖြစ်ကြောင်း၊ မယ်ကမ္ဘာပြိုင်ပွဲကျင်းပရေးဥက္ကဋ္ဌ ဂျူလီယာမော်လီက ပြောကြားသည်။ မောင်ကမ္ဘာပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှ နှစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ရာ နောက်ဆုံး ကျင်းပခဲ့သော မြို့မှာလည်း လန်ဒန်မြို့၌ဖြစ်ပြီး ၂၀၀၃ ခုနှစ်က ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲ၌ စတုတ္ထမြောက် မောင်ကမ္ဘာဆုကို ဘရာဇီးနိုင်ငံသား ဂုစတာဗိုကာဘရယ်နာစီဆိုက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုပေါင်းညစာစားပွဲကြီး

စုပေါင်း ညစာ စားပွဲကြီး တစ်ရပ်ကို တပျော်တပါး ဆင်နွှဲနေကြသူများအား တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ဟွန်ဒူကျေးရွာတွင် ရိုးရာဓလေ့ ညစာစားပွဲကြီးတစ်ရပ်ကို အနီးအနားရှိ ကျေးရွာပေါင်း များစွာမှ ရွာသူရွာသားများ အားလုံးစုပေါင်းကာ တပျော်တပါး စုဝေးစားသောက်ခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

ကျားပေါက်လေးများကို နို့တိုက်နေသောခွေးမကြီး

ကျားပေါက်လေးများကို နို့ချို တိုက်ကျွေးနေသော ခွေးမကြီး တစ်ကောင်အား တွေ့ရစဉ်။ (ယာပုံ)

ဘရာဇီးနိုင်ငံတောင်ပိုင်း ကက်စကာမြို့တွင် လီလီကာအမည်ရှိ ခွေးမကြီးတစ်ကောင်က မွေးပြီးနာရီပိုင်းအကြာ မိခင်သေဆုံးသွားသော ကျားပေါက်လေးနှစ်ကောင်အား ကြည်ဖြူစွာ နို့ချိုတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

တနင်္သာရီကမ်းလွန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး မြန်ဆန်စွာဆောင်ရွက် ရခိုင်ကမ်းလွန်သဘာဝဓာတ်ငွေ့ LNG စက်ရုံတည်ဆောက်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော ရခိုင်ကမ်းလွန်ဒေသ၌ တွေ့ရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်ကို ထုတ်ယူသုံးစွဲရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ အစည်းအဝေးနှင့် တနင်္သာရီကမ်းလွန်ဒေသ လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် မူဝါဒလုပ်ငန်းစဉ်များချမှတ်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ဝန်ကြီးသည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Mandrain Oriental ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် Petronas Cari Glari Myanmar ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၀၆-၂၀၀၇ ခုနှစ်များအတွင်း တနင်္သာရီကမ်းလွန်ဒေသ M-15/16/17/18 လုပ်ကွက်များအတွင်း တူးဖော်ပြီးစီးမှု အခြေအနေနှင့် ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ ရဲတံခွန် သဘာဝ ဓာတ်ငွေ့စီမံကိန်း လုပ်ကွက်များ အတွင်းရှိ မတူးဖော်ရသေးသော ရေနံနှင့်သဘာဝ ဓာတ်ငွေ့ အလားအလာ ကောင်းများ ရှိသည့် Miocene Fan Prospect အတွင်း ထပ်မံတူးဖော်စမ်းသပ်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ တွေ့ရှိထားသည့်ရခိုင်ကမ်းလွန်သဘာဝ ဓာတ်ငွေ့ကို LNG (Liquefied Natural Gas) သဘာဝဓာတ်ငွေ့ရည် စက်ရုံ တည်ဆောက်ရေး စီမံကိန်း အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အမြန်ဆုံးတူးဖော်

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တနင်္သာရီကမ်းလွန်ဒေသ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ရေး လုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ရေး၊ ရဲတံခွန် Miocene Fan Prospect တွင် အလားအလာ ကောင်းသော နေရာသစ်များကို ပွင့်လင်းရာသီအတွင်း အမြန်ဆုံးတူးဖော် စမ်းသပ်သွားနိုင်ရေး၊ အသစ်ထပ်မံဖော်ထုတ်ထားသည့် ရေနက်ပိုင်းလုပ်ကွက်များတွင်လည်း ပက်ထရိုနပ်စ် ကုမ္ပဏီအနေဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး၊ ရခိုင်ကမ်းလွန်သဘာဝ ဓာတ်ငွေ့ LNG စက်ရုံတည်ဆောက်ရေးစီမံကိန်း Feasibility Study လုပ်ငန်းများကို အဆင့်အလိုက်ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်း အစီအစဉ်များကိုအသေးစိတ်မှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ပက်ထရိုနပ်စ်ကုမ္ပဏီ Twin Tower ရုံး အဆောက်အအုံ Visualisation Center သို့ သွားရောက်ပြီး ကုမ္ပဏီ၏ မြန်မာနိုင်ငံ တနင်္သာရီ ကမ်းလွန်လုပ်ကွက်များ အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများကို သုံးဖက်မြင်ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးက တနင်္သာရီ ကမ်းလွန်ဒေသများအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာ ကောင်းမည့် Prospect များကို အမြန်ဆုံး တူးဖော် စမ်းသပ်သွားနိုင်ရေး မှာကြားပြီး ပူးပေါင်းဆောင်ရွက်သွား ရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည်မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ Rimbunan Petrogas ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Tansridatuk Tiong Hiew King ဦးဆောင်သော အဖွဲ့အား လက်ခံတွေ့ဆုံပြီး ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-5 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများအတွက် PSC စာချုပ် ချုပ်ဆိုနိုင်ရေး၊ မြန်မာ့ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက်များ အတွင်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ပွင့်လင်းစွာဆွေးနွေး

ဝန်ကြီးသည် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ Hatim Capital Pte. Ltd. မှ Chairman, Mr. Tan Ching Khoon အား Shangrila ဟိုတယ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ စင်ကာပူသမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းမြင့်၊ စွမ်းအင် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ခိုင်သိန်းတို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိကာယ်သင်တန်းပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဓောတိ (ပါဠိပါရဂူ၊ ပိဋကတ် တစ်ပုံဆောင်) အရှင်မြတ်က အစိုးရ နိကာယ်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များလွယ်လင့်တကူဖြေဆိုနိုင်စေရန် ရည်သန်၍ ခုဒ္ဒကနိကာယ်ဝိနယပိဋကတ်လာ ဝိနည်းငါးကျမ်း ပါဠိတော်များကို ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၉-၅၁၃၉၃၀၇၊ ၀၁- ၃၈၃၄၂၇နှင့် ဖုန်း-၀၁-၃၈၀၈၇၅တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

အထက(၃)စမ်းချောင်း အငြိမ်းစားဆရာ/မ အမှတ်တရ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက(၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား အငြိမ်းအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် မတ် ၂ရက် (တောင်သူလယ်သမားနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ၂၈ရက်မှစ၍ အပတ်စဉ်(တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို အဆိုပါကျောင်း၌ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေထည့်သွင်းလိုသူများသည် ဦးအေးသိန်း ဖုန်း- ၅၀၄၈၀၈၊ ဒေါ်စန်းကြည် ဖုန်း- ၅၁၀၄၆၃၊ ဦးကံသာ ဖုန်း- ၅၀၁၄၂၅၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁၃၈၂၃၃၊ ဒေါ်သီသီရွှေ ဖုန်း- ၅၁၀၆၄၆၊ ဦးသန်းထွန်းဦး ဖုန်း-၅၁၉၀၂၈၊ ဆရာရွှေဇီဝ ဖုန်း-၀၉-၅၁၄၉၅၃၃၊ ဒေါ်ခင်သီတာတင့် ဖုန်း- ၇၂၄၀၇၇၊ ဦးမင်းအောင်နိုင် ဖုန်း- ၀၉-၉၉၂၅၂၂၈၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း- ၀၉-၈၀၂၁၃၂၆ နှင့် ဦးခင်မောင်ဝင်း ဖုန်း- ၅၁၀၆၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	အကြောင်းစုံလို့ အကောင်းစုံ ပါသည်တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ) [အပိုင်း-၂]
၈:၁၀	အသိပညာမြှင့်တင်ပေး သစ်သီးဝလံစိုက်ပျိုးရေး
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	တစ်ပတ်အတွင်း အားကစားသတင်း
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	စာပေပညာရှင်များပူဇော်ပွဲနှင့် မြန်မာစာ ဂုဏ်ထူးရှင်များ ဂုဏ်ပြုပွဲ
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၅	ကလေးတို့အတွက် လက်ဆောင် (ပျံလွှားငှက်နှင့် ဖန်ခွက်အောက်ခံပြုလုပ်ပုံ)
၉:၄၅	မိုးလေဝသခန့်မှန်းချက်
၉:၅၀	တီကောင်စွန့်ပစ်သြော်ဂဲနစ်
၁၀:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၅	ဆင်ယင်ရိုးရာ တို့မြန်မာ
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" အပိုင်း(၂)
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကျော်ရဲအောင်၊ မစုမွန်နှင်း)
၁၁:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	စိတ်ထားဖြူစင်ပါရမီရှင်
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ခရမ်းသီးနှပ်)
၁၂:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၂:၄၅	တေးဂီတအစီအစဉ်
၁၂:၅၀	ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၀၀	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports(Live)
၇:၀၀	Liverpool-Everton	5-Sports(Live)
၉:၂၅	Aston Villa-West Ham	5-Sports(Live)
	Charlton-Chelsea	5-Series(Live)
	Man:City-Reading	5-Cartoons(Live)
၁၁:၄၀	Middlesbrough-Arsenal	5-Series(Live)
၁၂:၀၀	Wigan-Portsmouth	5-Sports(SDD)

အင်တာနက် သတင်းအတိုအထွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဖေဖော်ဝါရီ ၂ ရက်က မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ထောင်ပေါင်းများစွာသော နေအိမ်များအတွင်း ရေများဝင်ရောက်ခဲ့ပြီး ပြည်သူအများအပြား ဘေးကင်းရာသို့ ရွှေ့ပြောင်းလျက်ရှိကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ အသက် ၂၂နှစ်အရွယ်ရှိသော အမျိုးသမီးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို ဇန်နဝါရီ ၃၁ ရက်က သတင်းဖော်ပြထားသည်။

ထိုသို့ နိုင်ဂျီးရီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆူဒန်သို့ ရောက်ရှိနေသော တရုတ်သမ္မတဟူကျင်တောင်သည် ဆူဒန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ရည်ရွယ်လျက် စီးပွားရေးဆိုင်ရာ စာချုပ်အများအပြားချုပ်ဆိုရန် သဘောတူညီလိုက်ကြောင်း ဖေဖော်ဝါရီ ၂ ရက်က အင်တာနက်၌ သတင်းဖော်ပြသည်။

အဆိုပါ စာချုပ်များတွင် ချေးငွေစာချုပ်များ၊ ကျောင်းများ၊ လမ်းများ အဆင့်မြှင့်တင်၍ တရုတ်နိုင်ငံက တည်ဆောက်ပေးရေးနှင့် သမ္မတနန်းတော်သစ် တည်ဆောက်ရေးစာချုပ်များ ပါဝင်သည်။ တရုတ်နိုင်ငံက ဆူဒန်မှ ထွက်ရှိသော ရေနံများကို အများဆုံးဝယ်ယူလျက်ရှိသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက်၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၂ ရက်က သတင်းဖော်ပြသည်။

ယင်းရဟတ်ယာဉ်မှာ တာဂျီးရှိ အမေရိကန်စစ်အခြေစိုက်စခန်းမှ ပျံတက်သွားပြီး မကြာမီ ပျက်ကျသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ လွန်ခဲ့သောကာလကလည်း အမေရိကန်ဘလက်ဟော့ ရဟတ်ယာဉ် ပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့သည်။ ၂၀၀၃ ခုနှစ် မေလမှစပြီး အီရတ်၌ အမေရိကန်ရဟတ်ယာဉ်များ ဆုံးရှုံးခဲ့မှုမှာ အစင်း ၅၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

ဆေးလုံး၊ ဆေးကတ်များအတွင်း ဆေးဝါးအတုများ ထုပ်ပိုးထားခြင်းကို အလွယ်တကူ စမ်းသပ်ရှာဖွေနိုင်သော နည်းသစ်ကိုတွေ့ရှိထားပြီဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ကို ဇန်နဝါရီ ၃၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ သိပ္ပံပညာရှင်များသည် ဆေးထုပ်နှင့် ဆေးပုလင်းများအတွင်း ထည့်ထားသောဆေးဝါးအတုများကို လေဆာရောင်ခြည်နည်းပညာသစ်ဖြင့် စမ်းသပ်စစ်ဆေးနိုင်ကြောင်း တွေ့ရှိချက်ကို ဓာတုဗေဒဂျာနယ်တစ်စောင်က ရေးသားဖော်ပြသည်။ (အင်တာနက်)

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည်(အမျိုးသား၊အမျိုးသမီး)စက်ဘီးစီးပြိုင်ပွဲနှင့် စပ်လျဉ်း၍ သတင်းနှင့်စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ပြိုင်ပွဲနှင့် ပတ်သက်၍ သိရှိလိုသော အချက်အလက်များကို စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း တင်ပြကြသည်။

ကျင်းပမည်

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ကျော့ဖုံးမှ

သန်းသန်းဝင်း(သဃ်န်းကျွန်း)နှင့် မြဝတီမြို့အတွင်းသို့ အဝင်အထွက်ရှိသူ ဝေမိုးတို့က မြို့ထဲရှိ ၎င်းတို့ အမာခံနှစ်ဦး၏ အကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

ထို့နောက် ပဲခူးမြို့တစ်ဝိုက်ရောက်ရှိနေသော ABSDF အုန်းချစ်နှင့် အဆက်အသွယ်ယူပြီး (၈၈)မျိုးဆက်ကျောင်းသားအုပ်စုနှင့် ပူးပေါင်း၍ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများရရှိသည်။

သို့ဖြစ်၍ ဖောက်ခွဲဖျက်ဆီးမှုနှင့် ဆူပူအုံကြွမှုများ ဆက်စပ်ဖြစ်ပွားအောင် ပူးပေါင်းလုပ်ဆောင်လာမည့် ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားသူများနှင့် အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လုပ်ရပ်ကို တားဆီးတိုက်ဖျက် ချေမှုန်းနိုင်ရန်အတွက် ဆောင်ရွက်ထားရှိသော လုံခြုံရေးအစီအမံများနှင့်အညီ ပါဝင်ပူးပေါင်းကူညီကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ ပန်းချီအနုပညာတင်ပြမှု "အနုပညာစီးဆင်းခြင်း မိသားစုပန်းချီပြပွဲ"

တွေ့ဆုံမေးမြန်းတင်ပြသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂

"ပန်းချီကားတစ်ချပ်ဟာ ရသမြောက်ရမယ်၊ ခံစားမှုကို ပေးစွမ်းနိုင်ရမယ်၊ ဒါမှ တန်ဖိုးရှိတဲ့ ပန်းချီကားတစ်ချပ်ဖြစ်တယ်"ဟု ပြောကြားခဲ့သည့် နိုင်ငံကျော် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ "အနုပညာစီးဆင်းခြင်း မိသားစုပန်းချီပြပွဲ"ကျင်းပရာ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဂရင်းမီးရထားဟိုတယ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ခဲ့သည်။

"ပြည်သူတွေကို လေ့လာ ကြည့်ရှုစေချင်တဲ့ ဆန္ဒနဲ့ အခု လို ပြပွဲ ခင်းကျင်း ပြသရတာပါ"

ပန်းချီဆရာကြီး ဦးလွန်းကြွယ်
ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

ဖေဖော်ဝါရီ၃ ရက်မှ ၇ရက်အထိ ကျင်းပမည့် ပြခန်းအတွင်း ပန်းချီကားများနှင့် အလုပ်ရှုပ်နေသော ဆရာကြီး ဦးလွန်းကြွယ်အား တွေ့ရသည်။ ဖျတ်ဖျတ်လတ်လတ်နှင့် တက်တက်ကြွကြွ လှုပ်ရှားသွားလာနေသော ပန်းချီဆရာကြီး ဦးလွန်းကြွယ်အား မြန်မာ့အလင်း သတင်းအဖွဲ့က သိလိုသည်များကို မေးမြန်းဖြစ်ခဲ့သည်။

လက်ဆင့်ကမ်းအမွေ

"ထင်ရှားကျော်ကြားတဲ့ ပန်းချီဆရာကြီးတွေရဲ့ ဘဝကို ကြည့်တဲ့အခါ သူဟာတပည့်တွေကို အများကြီး မွေးထုတ်ပေးနိုင်ခဲ့တယ်၊ ပန်းချီပညာကို တတ်နိုင်သမျှ ဖြန့်ဝေပေးနိုင်ခဲ့တာ တွေ့ရှိခဲ့ပါတယ်။ ဒါပေမယ့် မိသားစုအတွင်းမှာ ကိုယ့်ပန်းချီပညာကို လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ သိပ်မလုပ်နိုင်ခဲ့ကြဘူး၊ ကျွန်တော်က အခု သက်ရှိထင်ရှား ရှိနေတုန်းမှာ မိသားစုအားလုံးကို ပန်းချီပညာအမွေပေးခဲ့နိုင်လို့ အခုလို အနုပညာစီးဆင်းခြင်း မိသားစုပန်းချီ ပြပွဲကို ပြုလုပ်နိုင်ခဲ့တာပါ"ဟု ဆရာကြီး ဦးလွန်းကြွယ်က ရှင်းပြသည်။

ဆရာကြီး ဦးလွန်းကြွယ်သည် အသက် ၇၇ နှစ်အရွယ် ရှိပြီဖြစ်သော်လည်း ပန်းချီအနုပညာတွင် ပျော်မွေ့နေသောစိတ်ကြောင့် နုပျိုလျက်ပင် ရှိနေသည်။ ၁၉၅၄-၅၅ ခုနှစ်မှ စတင်ကာ ပန်းချီလောကသို့ ဝင်ရောက်ခဲ့သဖြင့် ယခုအခါ ပန်းချီရေးသက် ၅၂ နှစ်ကျော်ခဲ့ပေပြီ။

ပန်းချီကားပေါင်း ၁၄၀

ယခု ပန်းချီပြပွဲ၌ ပန်းချီကားပေါင်း ၁၄၀ ခင်းကျင်းပြသမည်ဖြစ်ရာ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်နှင့် ဖယောင်းဖြင့်ရေးထားသော ပန်းချီကားအမျိုးအစားစုံလင်စွာ ပြသထားသည်။ ပန်းချီပြပွဲကျင်းပရမှုနှင့် ပတ်သက်၍လည်း ဆရာကြီး ဦးလွန်းကြွယ်က "ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတွေထဲက ပန်းချီနဲ့ တိုင်းပြည်ကို အကျိုးပြုမယ့် ပညာရှင်တွေ ပေါ်ထွန်းလာစေလိုတဲ့ ဆန္ဒလည်းပါတယ်။ ကိုယ့်လက်ရာ ကိုယ့်ပန်းချီပညာတွေကို ဖြန့်ဝေပေးချင်တာလည်း ပါတယ်။ ပြည်သူတွေကို လေ့လာကြည့်ရှုစေချင်တဲ့ဆန္ဒနဲ့ အခုလို ပြပွဲခင်းကျင်းပြသရတာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အရောင်အသွေး

ပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသော ပန်းချီကားများတွင် ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ ပန်းချီကား ၆၉ ကား၊ ဇနီးဖြစ်သူ ပန်းချီဆရာမ လွန်းမြမြက ၂၄ ကား၊ သားဖြစ်သူ ပန်းချီဆရာလွန်းသစ်က ကိုးကား၊ ချွေးမဖြစ်သူ ပန်းချီဆရာမ လွန်းကျော်ရည်က ပန်းချီကား ၁၃ ကား၊ မြေးဖြစ်သူ လွန်းပန်းချီက ပန်းချီကား ၁၆ ကား၊ နောက်ဆုံး နှစ်နှစ်အရွယ်ရှိ မြေးငယ် လွန်းမိုးယံက ပန်းချီ ကိုးကားတို့ကို ဂရင်းမီးရထားဟိုတယ် မြေညီထပ်နှင့် ပထမထပ်ပန်းချီပြခန်းများတွင် အပြည့်ချိတ်ဆွဲပြသထားသည်မှာ အားရစရာကောင်းလှသည်။ အရောင်အသွေး၊ စိတ်ကူး၊ ရေးဆွဲမှုများမှာ ပန်းချီကား တစ်ချပ်နှင့်တစ်ချပ် ကွဲပြားစွာ တွေ့ရသည်။

"စိတ်ကူးနဲ့ အရောင်တွေကို မျှတအောင် အသုံးပြု ရေးဆွဲထားတာပါ"

ပန်းချီဆရာမ လွန်းမြမြ
ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

ပန်းချီလွန်းမြမြ၏ ထွန်းလင်းတောက်ပနေသော ကမ်းခြေအမည်ပေးထားသော ပန်းချီကား၏ သက်ဝင်မှု။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

နက်နဲကျယ်ဝန်း

မြန်မာနိုင်ငံ၏ ပန်းချီအနုပညာ နယ်ပယ်အနေအထားအပေါ် အမြင်ကိုလည်း ဆရာကြီး ဦးလွန်းကြွယ်က "ဒီနေ့ခေတ်မှာ ပန်းချီအနုပညာကို ဝါသနာပါလာသူတွေ များလာပါတယ်၊ ဝါသနာပါတဲ့ လူတွေရဲ့ စွမ်းဆောင်ရည်တွေကိုလည်း တွေ့ရတယ်၊ ပန်းချီပြပွဲတွေအများကြီး ပြသခွင့်ရကြတာလည်း အားရစရာပါ။ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း အနုပညာအမြင် ဘယ်လိုပဲ ကွဲပြားနေပါစေ ပန်းချီအနုပညာရဲ့ အခြေအမြစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီးမှ စိတ်ကူးရှိသလို အညွှန့်အကွန့်တွေကို ဖန်တီးကြဖို့တော့လိုတယ်၊ မြန်မာ့ ပန်းချီအနုပညာဟာ နက်နဲကျယ်ဝန်းလှပါတယ်"ဟု လေးလေးနက်နက် ရှင်းပြသည်။

ဖော်ကျူး

ထို့အပြင် "ပန်းချီအနုပညာဟာ ကူးရေးတာ မဟုတ်ဘူး၊ သင်ပြီး တတ်ပြီးမှ ကိုယ်ပိုင်ဟန်နဲ့ ရေးဆွဲဖော်ကျူးကြရတာ ဖြစ်တယ်၊ ဥပမာ-သချ်ာ တစ်ပုဒ်ရဲ့ တန်ဖိုးဟာ တွက်နည်းဖြစ်တယ်၊ အဖြေမဟုတ်ဘူး၊ ဒါကြောင့် ပန်းချီရေးဆွဲနည်းကို ကျွမ်းကျင်ကြရမယ်"ဟု ဆက်လက်ပြောကြားသည်။

ဆရာကြီး ဦးလွန်းကြွယ်၏ ပန်းချီကားကြီးများကို မြေညီထပ်ပြခန်းတွင် ခမ်းခမ်းနားနား ခင်းကျင်း ပြသထားသည်။ ပန်းချီလက်ရာများကို မြင်တွေ့ရသည်နှင့် လက်ရာမြောက်ပြီး အဆင့်အတန်းမြင့်မားသော ဝါရင့်ပန်းချီဆရာကြီးတစ်ဦး၏ လက်ရာဆိုသည်မှာ စူးစမ်းစရာမလိုအောင်ပင် ထင်ရှားနေသည်။

ဆရာကြီး ဦးလွန်းကြွယ်၏ **"ကချေသည်များ"** အမည်ရှိ ပန်းချီကားမှာ ကချေသည် လေးဦးတို့၏ နွဲ့ပျောင်းသော ကဟန်ကို ခြယ်မှုန်းထားခြင်း ဖြစ်သည်။ မြန်မာတို့၏ အကသည် ခေါင်း၊ ခါး၊ ခြေ၊ လက် နွဲ့ပျောင်းသော၊ လိုက်လျောညီထွေရှိသော၊ လှပသော လှုပ်ရှားမှုများကို မိမိရရဆွဲယူ လက်စွမ်းပြထားသည်မှာ စိတ်အာရုံကို ဖမ်းစားလွန်းလှသည်။ ဆီဆေးကို အပူ၊ အအေးအရောင်များ မျှတစွာသုံးထားမှုမှာ အပြစ်ဆိုဖွယ်မရှိအောင် ညက်ညောလျက်ရှိသည်။

ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ ကချေသည်များ ဆီဆေးပန်းချီကားမှာလည်း မင်းသမီးတို့၏ လှုပ်ရှားမှုအာရုံကို ဖော်ကျူးထားနိုင်သည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

စွဲမက်ဖွယ်

ထို့နောက် ပန်းချီဆရာမ လွန်းမြမြ၏ **"ထွန်းလင်းတောက်ပနေသော ကမ်းခြေ"** အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။ ပင်လယ်ပြင်တွင် ကျောက်ဆောင်၊ လှူ၊ အလင်းရောင်တို့ကို စိတ်ကူးကောင်းဖြင့် အပြာ၊ အဝါ၊ လိမ္မော်၊ အညိုရောင်တို့ကို အားကောင်းကောင်းဖြင့် ခပ်ရဲရဲ တင်ပြထားပုံမှာလည်း ကြည့်သူရင်ကို စွဲမက်ဖွယ်ဖြစ်စေသည်။

လက်ရာမြောက်

တစ်ဖန် ဆရာလွန်းသစ်၏ **"အနားယူချိန်"** ပန်းချီကား၊ ဆရာမ လွန်းကျော်ရည်၏ **"အစိမ်းရောင်သစ်ရွက်များ"**၊ ဆရာလွန်းမိုးယံ၏ **"အရောင်"**၊ လွန်းပန်းချီ၏ **"ကျွန်မပုံတူ"** ပန်းချီကားများကို လေ့လာရသည်မှာ ဆရာကြီးဦးလွန်းကြွယ်၏ ပန်းချီပညာအမွေကို အပြည့်အဝ ရထားဘိအလား လက်ရာမြောက်လှသည်။

မျက်စိ၊ နား၊ စိတ်၊ အထိအတွေ့၊ အသံ၊ အရသာခြောက်ပါးစလုံးနှင့် ထိတွေ့ သိရှိခံစားရသမျှ ပန်းချီကားအဖြစ် ဖန်တီးရေးဆွဲရကြောင်း ပြခန်းအတွင်း ပန်းချီကားများကို စိတ်ရှည်လက်ရှည်လိုက်လံရှင်းပြပေးနေသော ပန်းချီဆရာကြီး ဦးလွန်းကြွယ်ကား ပန်းချီအနုပညာ နယ်ပယ်တွင်သာ တစ်ဘဝလုံး ပျော်မွေ့လာခဲ့သူဖြစ်ရာ လေးစားဖွယ်ရာပင်ဖြစ်သည်။

ထို့ကြောင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ **"အနုပညာစီးဆင်းခြင်း မိသားစုပန်းချီပြပွဲ"** သို့ ရသမျိုးစုံခံစားနိုင်ရန်အတွက် သွားရောက်ကြည့်ရှု လေ့လာသင့်ပါကြောင်း ကွင်းဆင်း မေးမြန်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပန်းချီ လွန်းမိုးယံက အရောင်ပန်းချီကားကို အခရိုင်းလစ်ဖြင့် ရေးဆွဲထားသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ပန်းချီ လွန်းကျော်ရည်၏ အစိမ်းရောင် သစ်ရွက်များ အမည်ရှိ ဆီဆေး ပန်းချီကား၏ စုတ်ချက်လက်ရာ။
ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

အင်းလေးဒေသရှိဟိုတယ် ၃၆ လုံး၌ ဧည့်သည်များပြည့်လျှံစည်ကားနေ လက်မှု၊ ပန်းထိမ်၊ ပန်းပဲ၊ ရက်ကန်းလုပ်ငန်း နိုင်ငံခြားသားများစိတ်ဝင်စား ဟိုတယ်လုပ်ငန်းကိုမှီပြီး ဒေသခံများ အလုပ်အကိုင်များပွင့်လန်း နိုင်ငံတော်၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို အထောက်အကူပြု

“နိုင်ငံခြားသား ခရီးသည်တွေနဲ့ အမြဲပြည့်နေပါတယ်”

ဦးကျော်ကျော်
ရွှေကျွန်းမျောဟိုတယ်(နန်းပန်)
တာဝန်ခံ
ဓာတ်ပုံမှတ်တမ်း–အောင်သန်း
(မင်္ဂလာတောင်ညွန့်)

သတင်းမြင်ကွင်း - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၂

“တောင်တွေဝိုင်းရံ ပင်လယ် သဏ္ဍာန်နှင့် ရွာလေးရွာ ရေပေါ်တင် လို့ အင်းလေးရွာအမည်တွင် နှောင်အခါ အင်းလေး လာသူတွေ ဘဝင်အေးရ၊ ကဗျာတွေ၊ စာတွေရေးကြနှင့် ရေပေါ် ဈေးမှာပျော်၊ ခြေကလေးနှင့်လှေလှော် လို့ ဖောင်တော်ဦးကို မြော်ဖူးလာသူတွေ ကြည်နူးခဲ့ရ”

အစချီသော ကဗျာကလေးကို တွေ့ရသဖြင့် ပုံနှိပ်အက္ခရာ မတင်ရ သေးသော ညောင်ရွှေမြို့နယ်မှ စာပေ ဝါသနာရှင် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်၏ကဗျာ ကလေးက မိမိ၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေပါသည်။

ရွှေကျွန်းမျောဟိုတယ်၌ တည်းခိုကြရန်ရောက်လာကြသော နိုင်ငံခြားသား ဧည့်သည်များအား ရှမ်းရိုးရာ အိုးစည်သံဖြင့် ဟိုတယ်ဝန်ထမ်းများက ဤသို့ကြိုဆိုခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကျက်သရေဆောင်

အင်းလေးကန်သည် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံရှိ ကုန်းတွင်း ရေကန်ကြီးများ အနက် အကြီးဆုံးရေကန်ကြီးဖြစ်ပြီး မြန်မာနိုင်ငံ၏ ကျက်သရေဆောင် တစ်ခုဖြစ်သည့်အပြင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသောနေရာဟုဆိုချင်ပါသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က အင်းလေးကန်မှ တောင်ကြီးမြို့သို့ ဆင်းလာကြရာ တောင်ကြီးမှ ညောင်ရွှေသွားသော ကားလမ်းတစ်လျှောက် သွားလာနေသော မော်တော်ယာဉ်များတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို တွေ့ရသည်။ ပြည်တွင်း ခရီးသွားသူနှင့် နိုင်ငံခြားသား ခရီးသွားသူဦးရေကို နှိုင်းယှဉ်ကြည့်ပါက နိုင်ငံခြားသား ခရီးသွားဧည့်သည်များက အရေအတွက်ပိုမည်ဟု ထင်ပါသည်။

ကွဲပြားခြားနား

နိုင်ငံခြားသားခရီးသွား ဧည့်သည်များတွင် မြန်မာနိုင်ငံရှိ ခရီးသွားဧည့်သည် လက်ခံကြိုဆိုမှုဖြင့် လာရောက်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်၊ မိမိတို့ အစီအစဉ်ဖြင့် ရောက်လာကြပြီး တည်းခိုလေ့လာသော ဧည့်သည်နှင့် ကျောပိုးအိတ်တစ်လုံးလွယ်၍ ရရာနေရာတည်းပြီး လည်ပတ်သော ဧည့်သည်များဟူ၍ ကွဲပြားခြားနားသော နိုင်ငံခြားခရီးသွားဧည့်သည်များ သုံးမျိုးကို အကြမ်းဖျင်းအားဖြင့် မြင်တွေ့ရသည်။

ညောင်ရွှေမြို့သို့ မိမိတို့ ရောက်ခဲ့ဖူးသည်မှာ သုံးလေးကြိမ် ရှိခဲ့ပြီဖြစ်သည်။ သို့သော် ယခုတစ်ခေါက် ညောင်ရွှေမြို့သို့ ရောက်သွားသောအခါ ယခင်နှစ်များနှင့်မတူ ညောင်ရွှေမြို့မှာ လမ်းများ၊ တိုက်တာအိမ်ခြေများသည် သန့်ရှင်းသပ်ရပ်လျက်ရှိနေပြီး ဈေးဆိုင်၊ ကုန်တိုက်ဆိုင်များဖြင့် စည်ကားသပ်ရပ်စွာ မြင်တွေ့ရသည်။

ဟိုတယ်၃၆လုံး

ညောင်ရွှေမြို့ပေါ်တွင် တည်းခိုခန်းများမှာဧည့်သည်များ တည်းခိုနိုင်ရန် သပ်ရပ်လှပစွာ ပြင်ဆင်မွမ်းမံထားသည်။ ညောင်ရွှေမြို့ပေါ်တွင် ဟိုတယ် တည်းခိုခန်း၂၆လုံး၊ အင်းလေးကန်တွင် ရေပေါ်ဟိုတယ်နှင့် ခေါင်တိုင်ရွာဟိုတယ်၊ အရှေ့ကမ်းခြေ ကျွန်းမျောဟိုတယ် ၁၃လုံး စုစုပေါင်းနိုင်ငံခြားဧည့်သည်များ တည်းခိုနိုင်သောဟိုတယ် ၃၆ လုံးတို့ ရှိနေသည်။

စိတ်ဝင်စား

မြန်မာ့အလင်း သတင်းအဖွဲ့ အင်းလေးကန်အတွင်း ရေပေါ်တွင်တည်ဆောက်ထားသော နိုင်ငံခြား ခရီးသွားဧည့်သည်များ စိတ်ဝင်စားကြသည့် မြန်မာ့ရိုးရာ သစ်ဝါး၊ ဝါးကပ်မိုးဖြင့် ဆောက်ထားသော ရွှေကျွန်းမျော (နန်းပန်)ဟိုတယ်သို့ ဝင်ရောက်လေ့လာရာ ရွှေကျွန်းမျော နန်းပန်ဟိုတယ် တာဝန်ခံ ဦးကျော်ကျော်နှင့် တွေ့ဆုံပြီး သိလိုသမျှ မေးမြန်းခဲ့ကြပါသည်။

ဦးကျော်ကျော်က–

ရွှေကျွန်းမျောရေပေါ်ဟိုတယ်မှာ အင်းလေးကန်အတွင်း၌ ဟိုတယ်နှစ်ခုရှိ၍ အထူးဒေသ(၆) ပအိုဝ်းအဖွဲ့ချုပ်မှ ဖွင့်လှစ်သော ဟိုတယ်များဖြစ်၍ ရွှေကျွန်းမျောဟိုတယ်(နန်းပန်)နှင့် ရွှေကျွန်းမျောဟိုတယ်(သလဲဦး) ဟူ၍ ရေပေါ်ဟိုတယ်နှစ်ခုကို တည်ဆောက်ဖွင့်လှစ်ထားပါတယ်။

ရည်မှန်းဖွင့်လှစ်

ရွှေကျွန်းမျောဟိုတယ်(နန်းပန်)ကို ၁၉၉၇ ခုနှစ်တွင် ခရီးသွားနှစ်ကို ကြိုဆို၍ ဖွင့်လှစ်ခဲ့ပါတယ်။ ယင်းအဖွဲ့အစည်းက ဖွင့်လှစ်သော ရည်ရွယ်ချက်မှာ နိုင်ငံတကာမိတ်ဆွေတွေ ပေါ်များရေး၊ နိုင်ငံတကာ၏ စာနာမှု ရရှိရေး၊ နိုင်ငံတော်က သတ်မှတ်ထားသည့် ခရီးသွားလုပ်ငန်းကို အထောက်အကူရရှိရေးတို့အတွက် ရည်မှန်း၍ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

လက်ရှိအနေအထားအရကတော့ ပုံမှန် တိုးတက်မှုကို ရနေပါတယ်။ စဆောက်လုပ်ဖွင့်လှစ်စဉ်က တဲကလေးတွေ အလုံး ၂၀နှင့် ဖွင့်လှစ်ခဲ့ပါတယ်။ ထပ်မံ ခွင့်ပြုချက်ဖြင့် တဲအလုံး ၄၀ အထိ တိုးချဲ့ ဖွင့်လှစ်ခဲ့ပါတယ်။ ဟိုတယ်လုပ်ငန်းကိုမှီပြီး တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းတွေကလည်း အထူးဒေသ(၆) အတွင်းမှာရှိတဲ့ အင်းသား၊ ပအိုဝ်း၊ နောင်ရှမ်း တိုင်းရင်းသားလေးတွေကို အလုပ်ပေးနိုင်ပါတယ်။ သက်သာချောင်ချိအောင် ဟိုတယ်မှာပဲ နေထိုင်ရန်နေရာပေးပြီး လစာအပြင် ဟိုတယ်မှရတဲ့ အပိုကြေးကိုလည်း ပေးပါတယ်။

အလုပ်အကိုင်ရရှိ

ဒီဟိုတယ်ကို အမှီပြုပြီးတော့ ဟိုတယ်ပြုပြင်ထိန်းသိမ်းမှုတွေ၊ ဟိုတယ်ကနေပြီးတော့ ထပ်မံတိုးချဲ့တဲ့ လုပ်ငန်းတွေမှာလည်း ဒေသခံလက်သမားတွေကိုပဲ အားထားပြီးတော့ ရိုးရာဆန်ဆန် လုပ်ထားတဲ့အတွက် ဒီဟိုတယ်ကိုမှီပြီး အလုပ်အကိုင် ရရှိကြတာတွေ ရှိပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းက ယခုအနေအထားအရ ဖွံ့ဖြိုးလာတဲ့ အနေအထား ရောက်လာတဲ့အတွက် ပတ်ဝန်းကျင်ကျေးရွာတွေမှာ ခရီးသွားလုပ်ငန်းကိုမှီပြီး ဆေးလိပ်ခုံလုပ်ငန်းတို့၊ လက်မှုလုပ်ငန်းတို့၊ ရက်ကန်းလုပ်ငန်းတို့၊ ပန်းပဲလုပ်ငန်းတို့၊ ပန်းထိမ်လုပ်ငန်းတို့ကိုပါ နိုင်ငံခြားသားတွေ စိတ်ဝင်စားတဲ့အတွက် ခရီးသွား နိုင်ငံခြားသားတို့ကိုမှီပြီး စားဝတ်နေရေး ပြေလည်ကြတာတွေ တော်တော်များများ ရှိကြပါတယ်။

ဒေသအကျိုးပြု

နောက်ပြီး နိုင်ငံတကာနဲ့ဆက်ဆံတဲ့နေရာမှာလည်းအထူးသဖြင့်စင်ကာပူ ရွှေကျောင်းဆရာတော်အဖွဲ့က ကျွန်တော်တို့ဟိုတယ်နဲ့ရင်းနှီးပြီး သာသနာရေးလုပ်ငန်းတွေမှာ အလိုတော်ပေါက် ဘုရားတို့ကို သာသနာပြုထားတာတွေ သိန်းပေါင်း ထောင်ကျော်သွားပါပြီ၊ အဲဒါလဲ ဟိုတယ်လုပ်ငန်းနှင့်မှီပြီးတော့ ဒေသအကျိုးပြုတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

အခန်းပြည့်

အခုဖွင့်ထားတဲ့ဟိုတယ်မှာ လိုင်စင်အရ တဲအလုံး၄၀မှာ ဧည့်သည်၈၀ လက်ခံနိုင်ပါတယ်၊ တစ်ခါတလေလာတဲ့ဧည့်သည်နှင့် အခန်းမလုံလောက်ဘဲ အခန်းပြည့်နေတာရှိပါတယ်၊ ဧည့်ပါးတဲ့ ရာသီကျတော့လည်း နည်းသွားပါတယ်၊ ဒီနှစ်ခရီးသွားရာသီမှာ ခရီးသွားဧည့်သည် တော်တော်များများလာပါတယ်၊ ဒီနှစ်ဟာ ခါတိုင်းထက်ပိုများပါတယ်။

တိုးချဲ့မည်

ဒီနှစ်မှာတော့ ကျွန်တော်တို့ ဟိုတယ်သာမက ကျွန်တော်တို့ဟိုတယ်နဲ့ ပတ်ဝန်းကျင် ဟိုတယ်များပါ ဧည့်သည်များ ပြည့်လုနီးပါးရှိကြပါတယ်။ ညောင်ရွှေမြို့ပေါ်မှာလည်း ဧည့်သည်တွေ ပြည့်ပါတယ်။

အခု ကျွန်တော်တို့ ဟိုတယ်တွေ အခြေအနေကောင်းတာကြောင့် မြေပေါ်ဟိုတယ် သလဲဦးမှာလည်း တိုးချဲ့ခွင့် ရပါတယ်၊ သလဲဦးဟိုတယ်ကိုပြီးပြည့်စုံအောင်တော့ မချဲ့နိုင်သေးပါဘူး၊ ဒီဟိုတယ်က ရလာတဲ့အကျိုးအမြတ်နဲ့ သလဲဦးဟိုတယ်ကို ဆောက်ရာမှာ လိုင်စင်အရ တဲအလုံး ၅၀ ဆောက်ခွင့်ရသော်လည်း ပြီးပြည့်စုံအောင် မတိုးချဲ့နိုင်သေးပါဘူး၊ တဲအလုံး ၂၅ လုံးပဲ ဆောက်နိုင်ပါသေးတယ်၊ ခွင့်ပြုထားတဲ့ အတိုင်း ပြည့်မီသွားအောင် တိုးချဲ့သွားမယ်လို့ ရည်မှန်းထားပါတယ်ဟု မြန်မာ့အလင်းသို့ ဦးစွာရှင်းပြပါသည်။

မေး။ ။ဒီဟိုတယ်မှာ ဝန်ထမ်း ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ဒီဟိုတယ်တစ်ခုလုံးဝန်ထမ်း ၇၀ ရှိပါတယ်၊ ရေပေါ်ဟိုတယ် ဖြစ်တဲ့အတွက် ဝန်ထမ်းတွေအားလုံးကို ဒီမှာပဲ စုစည်းပြီးတော့ ကျွေးရပါတယ်၊ ဝန်ထမ်းလစာ၊ သတ်မှတ်လစာအပြင် ဟိုတယ်က ရလာတဲ့ ဆားဗစ်မန်းနီးနဲ့ ပေါင်းပြီးတော့ ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကို လုပ်ပေးပါတယ်။

ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ ဒီဟိုတယ်မှာ လာရောက်ကြတဲ့ ဧည့်သည်စာရင်းကို ကြည့်မယ်ဆိုရင် ပြင်သစ်နိုင်ငံက ၇၀ ရာခိုင်နှုန်းလောက် ရှိမယ်ထင်ပါတယ်၊ ကျန်တဲ့ ဧည့်သည်တွေကတော့ ဂျပန်တို့၊ ကိုရီးယားတို့ တော်တော်ဝင်ပါတယ်၊ အရှေ့တိုင်းကလည်း တော်တော်ဝင်လာတာရှိပါတယ်၊ အများအားဖြင့် ပြင်သစ်အုပ်စုများပါတယ်၊ အစ္စရေးလည်း လာပါတယ်။

မေး။ ။အစားအသောက်က ဟိုတယ်က လုပ်ပေးရသလား။

ဖြေ။ ။ဟိုတယ်ကပဲ ကျွေးမွေးပါတယ်၊ စားဖိုမှူးတွေထားပြီးတော့ အထူးသဖြင့် သူတို့ကြိုက်တာက ဒေသအစားအစာနဲ့ တရုတ်အစားအစာ ကြိုက်ပါတယ်။ ရေပေါ်ဟိုတယ်ကို စတင်ဆောက်ကြစဉ်က ဝါးတဲချည်းပဲ လုပ်ပါတယ်၊ လုပ်ရင်း လုပ်ရင်းနှင့် လုပ်ငန်းနည်းနည်းအောင်မြင်လာတော့ သစ်တွေနှင့် ပြန်လဲပါတယ်၊ ဝါးတဲကြတော့လည်း နှစ်စဉ်မလဲနိုင်ဘူး၊ ဝါးနဲ့ လုပ်တာကို တော်တော်လေး လက်ခံပါတယ်၊ ကျွန်တော်တို့ အတွေ့အကြုံအရ ရိုးရာဆန်ဆန်ထားတာ လက်ခံပါတယ်၊ စားသောက်တာလည်း ရှမ်းအစားအစာ၊ ပအိုဝ်းရိုးရာအစားအစာ၊ အင်းသားရိုးရာ အစားအစာတို့ အဲဒါတွေ မှာစားကြပါတယ် ဟု ရှင်းပြသည်။

နှစ်သက်ကြည်နူး

ရေပေါ်ဟိုတယ်သို့ ကျွန်တော်တို့ ရောက်စဉ် စက်လှေများနှင့် ရောက်လာသော နိုင်ငံခြားသား ဧည့်သည်များအား ရှမ်းရိုးရာ ရှမ်းအိုးစည်ဝိုင်းများက တီးမှုတ် ကြိုဆိုကြသည်ကို တွေ့ရပြီး နိုင်ငံခြား ခရီးသွားဧည့်သည်များ နှစ်သက်ကြည်နူးကြသည်ကို တွေ့ခဲ့ရပေသည်။ ။ **(မြန်မာ့အလင်း)**

အင်းလေးကန်အတွင်း ရေပေါ်ဟိုတယ်အဖြစ် သတင်းမွှေးနေသည့် ရွှေကျွန်းမျောဟိုတယ်(နန်းပန်)အား အင်းလေးရေပြင်နှင့် နောက်ခံတောင်တန်းကြီးများနှင့်ရှုမောဖွယ် ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်)

● ရှေ့ဖုံးမှ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာသတင်းအချက်အလက် နည်းပညာ ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများမှ တာဝန်ရှိသူများ၊ အစုရှယ်ယာဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်ဆောင်ရွက်

ရှေးဦးစွာ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍများသည် နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် အခြားကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တွန်းအားပေးမောင်းနှင်သည့်အရာ ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုနှင့် တစ်ခုကြား၊ နိုင်ငံတစ်ခုအတွင်းမှာပင် လူတန်းစား အလွှာတစ်ခုနှင့်တစ်ခုအကြား သတင်းအချက်အလက်တွေကို ရယူနိုင်စွမ်းပေါ်မူတည်ပြီး ဒစ်ဂျစ်တယ်ကွာဟချက် Digital Device ကို ဖြစ်ပေါ်စေကြောင်း၊ Digital Device သည် လူမှုစီးပွားကွာဟမှုကို ဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် ဒီကွာဟချက်တွေကို နည်းနိုင်သမျှ နည်းအောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသလို Myanmar Info-Tech ကဲ့သို့ တိုင်းရင်းသား ICT လုပ်ငန်းရှင်များ စုပေါင်းပါဝင်သည့် အဖွဲ့အစည်းအနေဖြင့် Globalization ခေတ်တွင် ICT ကို စီးပွားရေး၊ ပညာရေး၊ လူ့အဖွဲ့အစည်း အလွှာအသီးသီးမှ အသုံးချနိုင်စေရန် ကဏ္ဍတစ်ခု ဖွင့်လှစ်ပြီး ဆောင်ရွက်နေကြောင်း။

စဉ်ဆက်မပြတ်

ICT လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်အတွက် နိုင်ငံတစ်ဝန်းတွင် ကွန်ပျူတာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပြီး လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခု ၂၀၀၇ခုနှစ်တွင် ကွန်ပျူတာကောလိပ်များကို တက္ကသိုလ်အဆင့်ထိပင် တိုးမြှင့်ခဲ့ပြီး ဖြစ်ကြောင်း၊ ကွန်ပျူတာ အသင်းချုပ်နှင့် အသင်းများကလည်း ICT သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေသည်ကိုလည်း တွေ့ရကြောင်း။

ယခုအချိန်မှာ နိုင်ငံများဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံရဲ့ National Resource ပေါ် မှီရာက Human Resource ကိုမှီတဲ့ဘက် ကူးပြောင်းနေကြတယ်ဆိုတာ အားလုံးအသိပဲဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များမှ ရရှိနိုင်သည့် အကျိုးအမြတ်များမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်ကို တည်မှီပြီး အကျိုးအမြတ်များစွာရရှိနိုင်သည့်အဆင့်သို့ ကူးပြောင်းမှသာ နိုင်ငံတော်အတွက် မြင့်မားသောအောင်မြင်မှုများ ရရှိနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့ပြင် ICT လူငယ်မျိုးဆက်သစ်များ အဆက်ပြတ်မသွားစေရန် လွန်စွာအရေးကြီးကြောင်း၊ မျိုးဆက်သစ်များ အဆက်မပြတ် ပေါ်ပေါက်လာစေရန်ဆိုသည်မှာလည်း Myanmar Info-Tech ကဲ့သို့သော ICT ဆိုင်ရာ အသိုင်းအဝိုင်းများ တည်ရှိနေမှာ ဖြစ်ကြောင်း။

ရတနာပုံမြို့သစ်စီမံကိန်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူပြီး ICT ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ ICT Park များကို ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီအားပေးမှုနှင့် ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များရဲ့ အပတ်တကုတ် ကြိုးစည်ကြိုးပမ်းမှုများဖြင့် တည်ထောင်ပြီး အကောင်အထည်ဖော်ခဲ့တာဖြစ်ကြောင်း၊ ICT Park များကို ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာသာ တည်ထောင်ခဲ့ရာမှာ ယခုဆိုရင် ပြင်ဦးလွင်မြို့အနီး၌ ရတနာပုံမြို့သစ် စီမံကိန်းကို စတင် အကောင်အထည်ဖော် တည်ဆောက်နေပြီ ဖြစ်ကြောင်း။

ရတနာပုံမြို့သစ် စီမံကိန်းသည် ဧကပေါင်း သောင်းချီ ကျယ်ဝန်းသည့် IT အခြေခံမြို့တစ်မြို့အပြင် စနစ်တကျ တည်ဆောက်သွားမည့် စီမံကိန်းဖြစ်ကြောင်း၊ ယခုဆိုရင် Teleport အဆောက်အအုံနှင့် Incubation အဆောက်အအုံတို့ကို တည်ဆောက်နေပြီဖြစ်ကြောင်း။

မျှော်မှန်းလုပ်ဆောင်

Myanmar Info-Tech အနေနဲ့ ပထမဦးဆုံး ICT Park မှာ တည်ထောင်နိုင်ပြီး ယခုဆိုလျှင် ICT ကုမ္ပဏီတစ်ခုချင်း အကောင်အထည်ဖော်ရန် ခက်ခဲသည့် နိုင်ငံအဆင့် National Level Project များစတင် အကောင်အထည်ဖော်နေသည်ကို တွေ့ရကြောင်း၊ အထူးအရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ နိုင်ငံတော်က ICT ကဏ္ဍကို အာရုံစိုက်ပြီး သိပ္ပံနှင့် နည်းပညာတက္ကသိုလ်များနှင့် လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသကဲ့သို့ နိုင်ငံအနှံ့ မြန်နှုန်းမြင့် ဆက်ကြောင်းများ တည်ဆောက်ပေးနေကြောင်း၊ ရန်ကုန်–မန္တလေး ICT Park များကို ထူထောင်ပေးခဲ့သကဲ့သို့ ယခုအခါ ICT မြို့ကိုပါ တည်ဆောက်နေပြီဖြစ်ကြောင်း၊ ပြည်သူ အတွင်း၌လည်း e-Gov: မှ e-Citizen ကို မျှော်မှန်းလုပ်ဆောင်လျက်ရှိနေကြောင်း။

မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ ကော်ပိုရေးရှင်းလီမိတက်မှ ပညာရှင်များကလည်း e-Procurement, IDIS, RDIS, Data Center နဲ့ Public Access Center အစရှိတဲ့ လုပ်ငန်းတွေ လုပ်ဆောင်နေခြင်းသည် ICT ဖွံ့ဖြိုးရေးအတွက် သာမက မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် အကျိုးရှိစွာ အသုံးချနိုင်မည့် လုပ်ငန်းရပ်များ ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း။

အထူးအရေးပါ

မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်းလီမိတက်သည် နိုင်ငံတော်က ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ICT နည်းပညာများဖြင့် အထောက်အကူပြုနိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်စနစ် Rural Development Information System (RDIS) ကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေခြင်းသည်လည်း နိုင်ငံတော်အတွက် အထူးအရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

Myanmar Info-Tech အနေဖြင့် IT အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development) အတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ပူးပေါင်းပြီး Myanmar Info-Tech အတွင်းရှိ Myanmar-Japan e-Learning Center တွင် IT သင်တန်းပို့ချခြင်း၊ ပြည်ပသို့ သင်တန်းများစေလွှတ်ခြင်း၊ ပြည်တွင်း IT ပြိုင်ပွဲများမှ ထူးချွန်သူများကို ပြည်ပသို့ စေလွှတ်ယှဉ်ပြိုင်စေခြင်း၊ အများပြည်သူများကြား IT နည်းပညာများကို ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် IT Exihibition များပြုလုပ်ပေးခြင်း၊ နယ်လှည့်သရုပ်ပြရှင်းလင်းခြင်း၊ IT Caravan နှင့် လူငယ်ပညာရှင်များအား သက်သာသော နှုန်းဖြင့် IT Facility ဆောင်ရွက်ပေးသည့် Incubation Center စသည့် လုပ်ငန်းများကို ပြီးခဲ့သည့် ငါးနှစ်အတွင်းတွင် ထူးခြားအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အကောင်အထည်ဖော်

ထို့အပြင် နိုင်ငံတော်တွင် ICT Industry ကို အဓိကစီးပွားရေးကဏ္ဍတစ်ခုအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရရှိလာသော အကျိုးအမြတ်များကို အများပြည်သူသို့ မျှဝေခံစားစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်းလီမိတက်က Software Development, Human Resources Development, Information Services, National Level Project များ အကောင်အထည်ဖော်လာခြင်း၊ Application Services Provider စသည့်လုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေသည်ကို တွေ့ရှိရကြောင်း။

မှတ်တမ်းတင်

ဤကဲ့သို့ အချိန်တိုအတွင်း နိုင်ငံတော်အတွက် ICT ကဏ္ဍ တိုးတက်မြင့်မားအောင် ပြုလုပ်နိုင်ခဲ့သည့်အတွက် Myanmar Info-Tech ၏ လုပ်ငန်းများအပေါ် ဦးဆောင်ပြုလုပ်ခဲ့သူများ၊ ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ကြသည့် ပညာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အဘက်ဘက်မှ အားပေးကူညီသည့် တာဝန်ရှိသူများ၊ ထောက်ခံအားပေးခဲ့သည့် အစုရှယ်ယာရှင်များကို ကျေးဇူးအထူးတင်ရှိရမှာဖြစ်ကြောင်း မှတ်တမ်းတင်ရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးက နှုတ်ခွန်းဆက်စကားနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေး ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

သဘာပတိ

ထို့နောက် နံနက်၁၀နာရီခွဲတွင် မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် မြန်မာသတင်းအချက်အလက် နည်းပညာ ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးက ဆောင်ရွက်သည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို လီမိတက်မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ဇော်မြင့်က ဖတ်ကြားတင်ပြသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အစုရှယ်ယာရှင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပြီး ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းများကို ဖတ်ကြားတင်ပြပြီး ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းများကို ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်က အတည်ပြုဖတ်ကြားသည်။

ဆက်လက်ကျင်းပ

ထို့နောက် စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့က ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်းနှင့် ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းခြင်းအား တင်ပြခြင်းနှင့် အတည်ပြုခြင်းများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယင်းနောက် သဘာပတိ မြန်မာသတင်းအချက်အလက် နည်းပညာ ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တရုတ်ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာ–တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E. Mr. Cai Mingzhao ခေါင်းဆောင်သော တရုတ်ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

တရုတ်ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး(သတင်း) ဦးခင်မောင်ကျော်ဒင်နှင့် မန်နေဂျာ(ထုတ်လုပ်) ဦးဝေဖြိုးသန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ကကျန်းမာရေး နှင့် ညီညွတ်သော စားသောက်ဆိုင်များ ရှိသည့် အခြေခံပညာကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်သော အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက သုံးနှစ်ဆက်တိုက် ပထမတံခွန်စိုက်ဆုကြီးရရှိသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အုန်းမြင့်အားဆုချီးမြှင့်စဉ်။ (က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

တံတားတည်ဆောက်ရေး စီမံကိန်းတစ်ခုလုံး၏ ၇၈ ဒသမ ၆ ရာခိုင်နှုန်းပြီးစီးနေ

နေပြည်တော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မုံရွာ- စစ်ကိုင်းလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် မြင်းမူမြို့၊ မြို့ရောင်လမ်းတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား (ရတနာပုံ) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အိုးကြီးအဝိုင်း

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တိုင်းအဆင့် တာဝန်ရှိပုဂ္ဂိုလ်များက စစ်ကိုင်းမြို့ အိုးကြီးအဝိုင်းမှ ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အိုးကြီးအဝိုင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အိုးကြီးလမ်းဆုံအဝိုင်းကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားကြရေး မှာကြားသည်။

အဆိုပါ ရောဝတီတံတား (ရတနာပုံ) ချဉ်းကပ်လမ်းပိုင်းပေါ်၌ အိုးကြီးလမ်းဆုံအဝိုင်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်မှ ရောဝတီတံတား (ရတနာပုံ) ချဉ်းကပ်မြေသား လမ်းခင်းထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ချဉ်းကပ်လမ်းကျောက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းခင်းကျောက်အရွယ်အစားများကို မှန်ကန်စွာ အသုံးပြုရေး၊ လမ်း၏ ခံနိုင်ဝန်အားရှိရေးအတွက် မြေသားသိပ်သည်းမှု ရရှိအောင် ဆောင်ရွက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအမီ အပြီးသတ်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ရောဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း တည်ဆောက်ရေးလုပ်ငန်းတွင် မြေသားတာပေါင်လုပ်ငန်း ၉၆ ဒသမ ၇၆ ရာခိုင်နှုန်း၊ လမ်းဘေး ကွန်ကရစ်ရေမြောင်း တည်ဆောက်ရေးလုပ်ငန်း ၂၁ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ၃၈ ဒသမ ၈၃ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီး ချဉ်းကပ်လမ်းလုပ်ငန်းတစ်ခုလုံး အနေဖြင့် ၆၀ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) ပင်မတံတား ကြမ်းခင်းသံပေါင်များ ချိတ်ဆက်နေရာများ Expansion Joint လုပ်ငန်းများကိုလည်းကောင်း၊ တံတားကြီးတွင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က စနစ်တကျ ဂရုပြုဆောင်ရွက်ရေး၊ သံပေါင်များ ဆေးသုတ်ခြင်းလုပ်ငန်း၊ တံတားပေါ် မီးအလင်းရောင်ရရှိစေရန် လျှပ်စစ်မီး သွယ်တန်းထွန်းညှိရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြရေး မှာကြားသည်။

ပန်းအလှပင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-စစ်ကိုင်းကားလမ်းနှင့် ရောဝတီတံတား (ရတနာပုံ)မန္တလေးဘက်လမ်း ချဉ်းကပ်လမ်းဆုံရှိ လမ်းဆုံအဝိုင်း တည်ဆောက်နေမှုနှင့် ချဉ်းကပ်လမ်းအား ကတ္တရာ ခင်းကျင်း ထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းဆုံအဝိုင်းတွင် ပန်းအလှပင်များ စိုက်ပျိုးရေး၊ တံတားသစ်ကြီးနှင့်အတူ ချဉ်းကပ်လမ်း လမ်းဘေး ဝဲ၊ ယာတို့၌ ပန်းရနိုင်မည့် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးသွားကြရေး မှာကြားသည်။

ပြီးစီးမှုအခြေအနေ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) ရှင်းလင်းဆောင်ရှုရပ်မှ နေ၍ တံတားကြီးတစ်ခုလုံး ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်းရှင်းလင်းဆောင်၌ ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း တာဝန်ခံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်း၏ ချဉ်းကပ်တံတား အပေါ်ထည်လုပ်ငန်း ၈၉ရာခိုင်နှုန်း ပြီးစီးမှု၊ ပင်မတံတားအပေါ်ထည် ပြီးစီးမှု၊ ချဉ်ကပ်တံတား အဆင်းပေ ၃၃၀၀ ကတ္တရာခင်းကျင်းပြီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးသည်။

ပြီးစီးမှု

ယခုအခါ ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း အနေဖြင့် ပင်မတံတားတည်ဆောက်မှု ၉၄ ရာခိုင်နှုန်းပြီးစီးနေပြီး ပင်မတံတားကြီးနှင့် မန္တလေးဘက်ကမ်း ချဉ်းကပ်လမ်း၊ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်းတို့အပါအဝင် တံတားတည်ဆောက်ရေးစီမံကိန်း တစ်ခုလုံး၏ ပြီးစီးမှုမှာ ၇၈ ဒသမ ၆ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည့်ရက်ထပ်မံကြေညာမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန(IBC)၌ ဖေဖော်ဝါရီ၅ရက်(တနင်္လာနေ့)တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ထိုနေ့တွင် ကျင်းပမည် မဟုတ်ဘဲ ကျင်းပမည့် နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းပြည်ပ သတင်းများဖြင့် ရွှေနိုင်ငံဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၊ မော်ကျွန်းစိုးမြင့်၊ မြင့်သိန်း(ရွှေတောင်ချည်၊ ထည်၊ ချော)၊ ဖဒိုအောင်ဆန်း၊ ခင်သန်းဖြူ၊ ကျော်ဌေး(ဘီအေစီ)၊ ခင်မောင်တင်(ဝဲလောင်)တို့၏ ဆောင်းပါးများအပြင် (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ အထူးသတင်း၊ မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်သည် လေးနိုင်ငံတစ်ဆင့်ခံ ကုန်သွယ်မှု အဓိကဝင်ပေါက် ထွက်ပေါက်တံခါးဝ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ပြီး အရှိန်အဟုန်ရရှိ၊ ပြည်ပအစိုးရနှင့် စည်းကိုက်ဝါးကိုက်ပါဝင်သူ သစ္စာဖောက်များအား ဖော်ထုတ်ဖွင့်ချ၊ အီရတ်ဒုက္ခသည်များ၏ သောင်မတင် ရေမကျ ဘဝများ၊ ဆိုမာလီနိုင်ငံရှိ အယ်ကိုင်ဒါတပ်ဖွဲ့ဝင်များကို အမေရိကန်တပ်က ပစ်မှတ်ထားတိုက်ခိုက်၊ အီရတ်သို့ အမေရိကန်မဟာမိတ်တပ်ဖွဲ့ဝင်သစ်များ ထပ်မံစေလွှတ်ရန် ဥရောပနိုင်ငံများက လက်မခံ၊ ဘန်ကီမွန်းနှင့် သမ္မတဘုတ်(ရှ်)တို့ အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေး၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားခေါင်းဆောင်များ၏ သုံးပွင့်ဆိုင်အစည်းအဝေး၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအတွက် အသုံးစရိတ် တိုးမြှင့်ပေးရေးစသည့် ပြည်တွင်း ပြည်ပသတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ ၄၆လမ်းမောင်မူ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များ ဖြစ်သည်။ စာမူများပေးပို့လိုပါလျှင် စာတည်းမှူးချုပ်၊ ရွှေနိုင်ငံဂျာနယ်၊ အမှတ် ၂၂၈ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး စေတနာထား ပံ့ပိုးဆောင်ရွက် အကောင်းမြင် အပြုသဘောစေတနာတို့ဖြင့် ပေါင်းစပ်၍လုပ်ဆောင် အမျိုးသားအကျိုးစီးပွားအတွက် မှန်မှန်ကန်ကန်ပြုပြင်ဆောင်ရွက်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဝက်ပါလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာပေစိစစ်ခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုဆောင်ရွက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနညွှန်ကြားရေးမှူး ဦးတင့်ဆွေက စာပေစိစစ်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ စာပေစိစစ်ရေးလုပ်ငန်းရည်ရွယ်ချက်များ၊ စာပေစိစစ်ရေးမှူးများ၊ စာပေစိစစ်ရာတွင် လက်ရှိရင်ဆိုင်နေရသော အခြေအနေများနှင့် ထုတ်ဝေခွင့်မှတ်ပုံတင်များ ခွင့်ပြုဆောင်ရွက်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာပေစိစစ်ခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုဆောင်ရွက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအား လုပ်ငန်းရည်ရွယ်ချက် (၄)ရပ် ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းတို့မှာ စာပေလောကသားများ၏ စွမ်းအားကို တိုင်းပြည်နှင့်လူမျိုး အကျိုးဖော်ဆောင်ရာတွင် စည်းရုံးကွပ်ကဲဆောင်ရွက်ရန်၊ စာပေစိစစ်နှင့် စာပေလောကသားများ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ရန်၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်နှင့် စာပေလောက လုပ်ငန်းများကို နိုင်ငံတော်၏ မူဝါဒ၊ ပေါ်လစီ၊ မြန်မာ့ ယဉ်ကျေးမှု အမွေအနှစ်များနှင့်အညီ စိစစ်ထိန်းသိမ်း ကြပ်မတ်ရန်တို့ဖြစ်ကြောင်း၊ ထို့ကြောင့် ပေးအပ်ထားသောရည်မှန်းချက်တာဝန်များ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ရေး၊ အားသာချက် အားနည်းချက်များကို ဖော်ထုတ်ပြီး အားနည်းချက်များ ပြုပြင်ရေး၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားကာ ပံ့ပိုးဆောင်ရွက်ရေး၊ သတိပေးခြင်း၊ အရေးယူခြင်း လုပ်ငန်းများတွင်လည်း မျှမျှတတဆောင်ရွက်ရေး၊ အကောင်းမြင် အပြုသဘော စေတနာတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ယနေ့ပညာခေတ်၏ မီဒီယာအားကြီးမားမှုကို မျက်ခြည်မပြတ်ရေး၊ မီဒီယာလောကနှင့် ထိတွေ့ ဆက်ဆံရာတွင် မိမိအားနည်းချက်ကြောင့် မှားယွင်းမှု မဖြစ်စေရေး၊ အမျိုးသား အကျိုးစီးပွားအတွက် မှန်မှန်ကန်ကန်ပြုပြင်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြား နာတာရှည်ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်အရှေ့ ပိုင်းခရိုင် ဒေါပုံမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး စေတနာရှင်အလှူရှင်များ လှူဒါန်းသည့် အလှူငွေကျပ် ၁၁သိန်းကို လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေါပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာလာလွင်က အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက်သို့ သွားရောက်၍ ရောဂါဝေဒနာရှင်များအား လိုက်လံအားပေးစကားပြောကြားပြီး ဆေးဝါးများ၊ အာဟာရ အစားအစာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဥ္စန နဒီကို သက်သေတည်၍ ဓညဝတီမှ အလင်းအလှူပွဲ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကူးပြောင်းသည့် အခါသမယ၊ မြူနှင်းတို့ တဖွဲဖွဲကျနေသည့် ချမ်းချမ်းမြမြ ဆောင်းကာလမှာ ရခိုင် ရိုးမတောင်တန်းကြီးများဆီသို့ ရောက်ခဲ့ရပြန်ပါပြီ။ ၂၀၀၂ ခုနှစ်မှ စတင်၍ တောင်ကုတ်၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦးမြို့များသို့ မျက်စိ အခမဲ့ ကွင်းဆင်းကုသရေး ခရီးစဉ်များ အောင်မြင်စွာ စီစဉ်နိုင်ခဲ့ပြီးနောက် ၂၀၀၇ ဇန်နဝါရီလတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ စီစဉ်ညွှန်ကြားမှုဖြင့် ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ရခိုင်ပြည်နယ် မင်းပြားမြို့သို့ ရောက်ရှိခဲ့ကြပြန်ပါသည်။

ရန်ကုန်မြို့မှ စစ်တွေအထိ လေယာဉ်ခရီး၊ ကျောက်တော်၊ မြောက်ဦးမှတစ်ဆင့် မင်းပြားမြို့သို့ ကားလမ်း ခရီးဖြင့် ခရီးဆက်ခဲ့ပါသည်။ စစ်တွေနှင့် မြောက်ဦးမှာ မိုင်ပေါင်း ၁၀၇ မိုင် ကွာဝေးပြီး လမ်းတစ်လျှောက် ရှုမောမဆုံးဖွယ် စိမ်းညို့ထူထပ်စွာ ပေါက်ရောက်နေသော ရော်ဘာတော၊ ဓနိတောနှင့် လိုင်ချီးပင်များ၊ စိမ်းစိုလန်းဆန်းနေသည့် စပါးခင်း၊ ပဲနှမ်း၊ မုန်ညင်းခင်းများ၊ မြင့်မားရှည်လျားလှသည့် ကွမ်းသီးပင်ပျိုများကလည်း လေယူရာယိမ်းနွဲ့ရင်း လောကတစ်ခွင် အလှဆင်လျက်ရှိသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိပြီး အရှေ့ဘက်တွင် စိမ်းညို့ပြာမှိုင်း

မျက်စိခွဲစိတ်ပြီးလူနာများအား စမ်းသပ်စစ်ဆေးစဉ်။

နေသည့် နှယ်ချိုဖိုးခေါင် ရိုးမတောင်တန်း၊ အနောက်တစ်ခွင်တွင် ရှုမဆုံးသည့် ပြာလဲ့လဲ့ဘင်္ဂလားပင်လယ်အော်ကြီးတို့ဖြင့် လွမ်းမောဖွယ်ကောင်းလှသလို တောတောင်အရပ်ရပ်၊ မြစ်၊ ချောင်း၊ အင်းအိုင်အထပ်ထပ်ဖြင့် ကြည်နူးစရာ ကောင်းလှသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ငါးပိ၊ ငါးခြောက် လုပ်ငန်း၊ ကွမ်းသီးနှင့် ဆားလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ဓာတ်သတ္တု၊ လက်မှုလုပ်ငန်းတို့ဖြင့် နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုး ပေးနေသော ဒေသကြီးတစ်ခုလည်းဖြစ်သည်။

ကျွန်မတို့ငယ်စဉ်က သင်ယူခဲ့ဖူးသည့် လေးမြို့မြစ်၊ ကုလားတန်မြစ်၊ နတ်မြစ်၊ မေယုမြစ်တို့ ဖြတ်၍ ဆောက်လုပ်ထားသော ကစ္ဆပနဒီတံတား၊ အဥ္စန နဒီတံတားတို့ကို ဖြတ်ကျော်လာမိစဉ် ရင်ထဲမှာ ကြည်နူးပီတိဖြစ်မိရသလို နိုင်ငံတော်၏ ကျေးဇူးတရားများကိုလည်း ဆင်ခြင်မိရပေသည်။ အားလုံးသိရှိကြပြီး ဖြစ်သည့်အတိုင်း ယခင်က ရခိုင်ပြည်နယ်နှင့် ပြည်မ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလှပြီး ယခုအချိန်မှာတော့ ရခိုင်ပြည်နယ်အတွင်းဝယ် တံတားကြီး ၁၈စင်း၊ တံတားငယ် ၁၂၄စင်းအပြင် လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ဆေးရုံများ၊ စာသင်ကျောင်းများ တိုးချဲ့ခြင်းနှင့် အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးခြင်း စသဖြင့် ဆက်သွယ်ရေးမှအစ အဘက်ဘက်မှ ခေတ်မီတိုးတက်နေသည့် ပြယုဂ်များစွာ၊ ယင်းတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရပြန်တော့ ကျေးဇူးတရားဟူသည် သိမြင်ခံစား တတ်ဖို့လိုသလို ပြန်လည်ပေးဆပ်ကြဖို့လည်း လိုအပ်သည်ဟု တွေးနေမိပြန်သည်။ မိုင်ပေါင်း ၄၄၀ ကျော် ရှည်လျားပြီး အလွန်တရာ ကျယ်ပြောလှသည့် ကုလားတန်မြစ်ကို ဖြတ်ကျော်ကူးသန်းဖို့ဆိုသည်မှာ အိပ်မက်ပင် မမက်ဝံ့သည့် အရာပေမို့ ယခုလို လမ်းပန်းဆက်သွယ်ရေး လွယ်ကူနေတာကြောင့်လည်း ကျွန်မတို့အဖွဲ့အနေဖြင့် အခက်အခဲမရှိ ရခိုင်ပြည်နယ်တွင် စက္ခုအလင်း အလှူများ ပေးဝေကာ အလင်းတံခါးတို့ ဖွင့်လှစ်ပေးနိုင်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ရာမောင်မြစ်၏ အနောက်ဘက်ကမ်း ကျိန်းတော်ရှင် စေတီတော်မြတ်တည်ရှိရာ **"ကျိန်းရိပ်မြေ"** ဟု တင်စားခေါ်ဝေါ်ကြသည့် **"မင်းပြားမြို့လေး"** သည် ကျွန်မတို့အဖွဲ့ကို ဝမ်းသာအားရ ကြိုဆိုခဲ့ကြပါသည်။

မြူနှင်းတို့ ပိန်းပိတ်အောင် လွှမ်းခြုံထားသည့် ဇန်နဝါရီ ၁၃ ရက် နေ့၏ နံနက်ခင်းဝယ် မင်းပြားမြို့တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြင့် သက်ဝင်လှုပ်ရှားနေခဲ့ကြသည်။ အတွင်းတိမ်လူနာ ၂၀၀ အခမဲ့ ခွဲစိတ်ပေးပြီး မင်းပြားမြို့နယ် အနီးဝန်းကျင်ဒေသများမှ လာရောက်ပြသကြမည့် မျက်စိဝေဒနာရှင်များ အားလုံးကို အခမဲ့ကုသပေးပါမည်ဟု တစ်လခန့်အလို ကတည်းက ကြိုတင်ကြေညာထားခဲ့သော်လည်း ယခုကဲ့သို့ခရီးစဉ်မျိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူး၍ မယုံမရဲဖြစ်နေခဲ့ကြသည်။ အမှန်တကယ် ရောက်လာပြန်တော့လည်း မိမိတို့မပြသလိုက်ရ၊ ကုသမှု မခံယူလိုက်ရမည်ကို စိုးရိမ်ပူပန်စွာဖြင့် နံနက် ၂ နာရီကတည်းက ဆေးရုံဝင်း

ခွဲစိတ်ပြီးလူနာများအား တစုတဝေးတွေ့ရစဉ်။

ထဲရောက်နေခဲ့ကြသည်။ ဆောင်းကြာခြည် ခြုံလွှာအောက်မှ နှင်းတွေဝေနေသည့် မှုန်ရီဝိုးတဝါးမှာပင် ခြေချစရာ နေရာမရှိအောင် ဆေးရုံဝင်း အပြင်ဘက် လမ်းမပေါ်အထိ ပြည့်လျှံနေသည့် လူအုပ်ကြီးကတော့ အားပါးတရနှင့် ကြက်ပျံမကျဟု ဆိုရမတတ်ပင်။

ဆေးရုံအဝင်ဝတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း၊ မင်းပြားဆေးရုံအုပ်ကြီး ဒေါက်တာစိုးငြိမ်းနှင့် ဆေးရုံဝန်ထမ်းများ၊ အလှူရှင် ဦးကျောက်တောင်မိသားစု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖတို့က လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါသည်။

ပါမောက္ခ ဒေါက်တာကံညွန့် ခေါင်းဆောင်ပြီး ဒေါက်တာအေးအေးခိုင်၊ ဒေါက်တာမိုးကျော်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာကေသီမြင့်နှင့်အတူ ပြည်နယ်မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးမူနှင့် အဖွဲ့က လူနာများကို စတင်ကြည့်ရှုနေစဉ်မှာပင် ဒေါက်တာစောသွင်မွန်သိန်းနှင့် ဆရာမလေးများဖြစ်ကြသော နော်လွယ်ကပေါ်၊ ဒေါ်ဝင်းပပ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်မြသန်းကြည်(စစ်တွေ) တို့က ခွဲစိတ်ခန်းအတွင်း မိုက်ကရိုစကုပ်များ တပ်ဆင်နေရာချထားပြီး လူနာများကို အသင့်ခွဲစိတ်နိုင်ရန် စီစဉ်ခဲ့ကြပါသည်။ ရခိုင်ပြည်နယ်၏ မြို့နယ် ၁၇ မြို့နယ်အနက်မှ မင်းပြားမြို့နယ်အပြင် ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မြောင်းဗွေမြို့နယ် ကျေးရွာများမှ မျက်စိဝေဒနာရှင်များပါ လာရောက်ပြသကြရာ လူနာတစ်ယောက်ကို ကြည့်လျှင်လည်း နှစ်ဖက်စလုံး လုံးဝမမြင်သည့်သူ၊ နောက်တစ်ယောက် ကြည့်လည်း အလင်းရောင်ပျပျသာ မြင်ရတော့သည့် အမှန်တကယ်ခွဲသင့်သူ၊ တစ်ယောက်လာလည်း ချက်ချင်းခွဲဖို့လိုအပ်သည့်သူများသာ ဖြစ်နေတော့ရာ ပထမနေ့မှာပင် ခွဲသင့်သည့်လူနာပေါင်း ၂၀၀ကျော် ရှိနေတော့သည်။ ဤသို့ပင် ကျွန်မတို့သွားခဲ့ကြသည့် ခရီးစဉ်တိုင်း ခွဲပေးသင့်ပါလျက်နှင့် ချန်ထားရစ်ခဲ့ရသော အတွင်းတိမ်လူနာများစွာရှိနေမြဲပင်။

ကျွန်မတို့နိုင်ငံအနေဖြင့် မျက်စိကွယ်စေနိုင်သည့် ရောဂါများအနက် အတွင်းတိမ်၊ ရေတိမ်၊ အပြင်တိမ်ခေါ် မျက်ကြည်နာရောဂါ၊ မျက်စိထိခိုက်ဒဏ်ရာ၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံပျက်စီးယိုယွင်းခြင်းနှင့် အသက်ကြီး၍ မြင်လွှာ၏ဗဟိုချက် ပျက်စီးယိုယွင်းခြင်း စသဖြင့်ရှိရာ မည်သည့်နိုင်ငံတွင်မဆို မျက်စိကွယ်စေနိုင်သည့်ရောဂါများ စာရင်းတွင် အတွင်းတိမ်ကသာ ထိပ်ဆုံးမှ နေရာယူလျက်ရှိပေသည်။ အတွင်းတိမ်ဆိုရာ၌လည်း သက်ကြီးတိမ်၊ ဒဏ်တိမ်၊ ဆီးချိုတိမ်၊ မွေးရာပါတိမ်ဟူ၍ ရှိပြန်ရာ သက်ကြီးတိမ်ဟူသည် ဇရာကြောင့် ဖြစ်ရပြီး ထိခိုက်ဒဏ်ရာကြောင့်ဖြစ်ရသည့် ဒဏ်တိမ်မှာမူ အသက်အရွယ်မရွေး ဖြစ်နိုင်ပေသည်။ မည်သို့သော အတွင်းတိမ်ပင်ဖြစ်စေ ခွဲစိတ်ကုသမှုမှလွဲ၍ အခြားကုသမှု မရှိနိုင်ပေ။ မြန်မာနိုင်ငံတွင်လည်း အတွင်းတိမ်သည် မျက်စိကို ကွယ်စေတတ်သည့် အဖြစ်အများဆုံး ရောဂါဖြစ်သလို ခွဲစိတ်ကုသပြီးနောက်လည်း ရာနှုန်းပြည့် အမြင်အာရုံ ပြန်လည်ရရှိစေနိုင်မည်ဖြစ်ရာ ကျွန်မတို့ မျက်စိဆရာဝန်များအနေဖြင့် Cataract Surgery rate ခေါ် အတွင်းတိမ်ခွဲစိတ်မှု နှုန်းထားကို အများဆုံး မြှင့်တင်နိုင်မှသာ ဖြစ်ပေမည်။

ယခုကဲ့သို့ စေတနာဆရာဝန်များက ဝေဒနာရှင်ပြည်သူများရှိရာသို့ အရောက်သွားပြီး အခမဲ့ကွင်းဆင်းကုသမှုပေးခြင်းဖြင့် ပြည်သူတို့၏ အမြင်အာရုံကို ဖွင့်လှစ်ပေးနိုင်သလို တစ်ဖက်ကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုပါ အကောင်အထည်ဖော်ပြီး ဖြစ်နေပေသည်။ ထို့အပြင် ကျန်းမာရေးအသိ နည်းပါးရှာသော ရိုးသားလှသည့် ပြည်သူအများ လွဲမှားစွာကုသမှု ခံယူခြင်းများကိုပါ ကယ်တင်နိုင်ပြီ ဖြစ်ပေသည်။ ဆိုလိုသည်မှာ Couching ဟုခေါ်သော တိမ်ကို အပ်နှင့်ထိုးချသည့်နည်းများ၊ မိုးကြိုးသွားနှင့် ကုသခြင်းတို့သည် မှားယွင်းသော ကုသမှုများဖြစ်ပြီး အလွန်အန္တရာယ် ကြီးလှကြောင်းကို လူတစ်စု၊ လူတစ်ဖွဲ့၊ ဒေသတစ်ခုအတွင်း ဟောပြောရုံနှင့် မထိရောက်နိုင်ပေ။ ကျွန်မတို့ မျက်စိဆရာဝန်များကိုယ်တိုင် ကွင်းဆင်း ကုသခဲ့သော ခရီးစဉ်တိုင်း၏ အောင်မြင်မှု ရလဒ်များဖြစ်သည့် ပြည်သူတို့၏ မျက်စိအလင်းကို ရာနှုန်းပြည့် လက်တွေ့ကျကျ ဖွင့်လှစ်ပေးသည်ကပင် ထိုမှားယွင်းသော အယူအဆများကို အောင်မြင်စွာ ဖယ်ရှားလိုက်ခြင်းပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အတွင်းတိမ်ခွဲစိတ်မှုနှုန်းထားများ ပိုမိုမြင့်မားလာစေပြီး နိုင်ငံတော်၏ မျက်မမြင်ကာကွယ်ရေးစီမံချက်ကို အောင်မြင်စေဖို့အတွက် ကြီးစွာသော အင်အားတစ်ရပ်လည်း ဖြစ်ပေမည်။

လူသားများရှိနေသရွေ့ ကာလပတ်လုံး အတွင်းတိမ်ရောဂါကြောင့် မျက်စိကွယ်သူများ ရှိနေကြမှာပင် ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်ကလည်း မျက်စိဆရာဝန်များကို မွေးထုတ်ပေးနေသလို၊ ထိုမျက်စိဆရာဝန်များအား အတ္တထက်ပရကိုရှေ့တန်းတင်နိုင်ပြီး ပြည်သူတို့၏ စက္ခုအလင်းကို ဖွင့်ပေးမည့် စေတနာမျက်စိဆရာဝန်များ ဖြစ်လာဖို့ကိုလည်း ကျွန်မတို့၏ မျက်စိရောဂါပညာရှင်ကြီးများက ပညာရေးရာသာမက စိတ်ဓာတ်ရေးရာကိုပါ လက်ဆင့်ကမ်း အမွေပေးခဲ့ကြပေသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

ယခုကဲ့သို့ စေတနာဆရာဝန်များက ဝေဒနာရှင်ပြည်သူများရှိရာသို့ အရောက်သွားပြီး အခမဲ့ကွင်းဆင်းကုသမှုပေးခြင်းဖြင့် ပြည်သူတို့၏ အမြင်အာရုံကို ဖွင့်လှစ်ပေးနိုင်သလို တစ်ဖက်ကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုပါ အကောင်အထည်ဖော်ပြီး ဖြစ်နေပေသည်။ ထို့အပြင် ကျန်းမာရေး အသိနည်းပါးရှာသော ရိုးသားလှသည့် ပြည်သူအများ လွဲမှားစွာ ကုသမှုခံယူခြင်းများကိုပါ ကယ်တင်နိုင်ပြီ။

လှူဒါန်း

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၀)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ် ၅၂ နေ မိခင်ကြီး ဒေါ်ညွန့်ညွန့်၊ ဒေါ်တင်နုတို့အား အမှူးထား၍ ကိုတင်ထွန်းအောင်-မဝင်းညွန့်နွယ်၊ သမီး မနွယ်နန္ဒာထွန်းအောင်၊ မထက်နွယ်ထွန်း မိသားစုတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ (ကိုယ်စား)အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

ပြည်လုံးအေးချမ်းသာ ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာနှင့်ပဲခူးတိုင်း ပဲခူးမြို့နယ် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာကြီးတို့၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘန (မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးဆောင်လျက် မတည်အလှူရှင်များဖြစ်ကြသော ဦးတင့်လွင်-ဒေါ်ကြူကြူသင်း(သီဟသုဓမ္မသီဂီ) ရှမ်းလေးပွဲရုံမိသားစု၊ ဘုရင့်နောင် ရန်ကုန်မြို့၊ ရပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မမျိုးသန္တာထွန်း၊ သားမောင်မျိုးမောင်မောင် (မျိုးရုပ်ရှင်ထုတ်လုပ်ရေး) ရန်ကုန်မြို့ ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့ ရွှေမင်းဝံသာသနာ့ရိပ်သာ ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ထားအပ်သော ပြည်လုံးအေးချမ်းသာဆုတောင်းပြည့်စေတီတော်မြတ်ကြီး**(ယာပုံ)**မှာ ပြီးစီးနေပြီးဖြစ်သည်။

ကျင်းပမည်

ရွှေထီးတော်တင်လှူပွဲ၊ အထက်ဌာပနာတော်သွင်းလှူပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ရေစက်ချ အလှူတော် မင်္ဂလာ အခမ်းအနားကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကင်းဗျားကျေးရွာ ဓမ္မရက္ခိတ ကုန်းတော်ပေါ်တွင် ဖေဖော်ဝါရီ ၁၀ရက် (စနေနေ့) (၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) နံနက် ၈နာရီ ၁၀ မိနစ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မိတ်ဆွေများ တိုးတက်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မိတ်ဆွေများတိုးတက်ဖွံ့ဖြိုးရေးအသင်း၏ အနှစ်(၅၀)ပြည့် ရွှေရတုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၄ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၃၅၇ အထက်ပုဇွန်တောင်လမ်း စက်ဆန်းရပ်ကွက် (အသင်းတိုက်ကားမှတ်တိုင်ရှေ့)မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၁၆)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်များ ညီလာခံကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး၌ ကျင်းပမည် ဖြစ်သည်။

ကျင်းပမည်

ညီလာခံမတိုင်မီ နှာခေါင်း၊ လေအိတ်နှင့်လည်ပင်းရောဂါ လက်တွေ့ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စင်ကာပူသမ္မတနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်ကုဆရာဝန်များနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

သက်ဆိုင်ရာမှနှိုးဆော်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်လိုသော တိုင်းနှင့်ပြည်နယ်အသီးသီးမှ နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်များ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်တွေ့ခွဲစိတ်ပြသမည့် လူနာများနှင့် ပတ်သက်၍ ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂နာရီတွင် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး (ရန်ကုန်)၌ ကျင်းပမည်ဖြစ်ပါသဖြင့် အချိန်မီလာရောက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅-၂၀၀၆ ပညာသင်နှစ် အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၉) သဃ်န်းကျွန်းမြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်ကကျင်းပရာ စတုတ္ထတန်းမှ ဘက်စုံထူးချွန်ဆုရ မနန်းလှိုင်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင်က ဆုချီးမြှင့်စဉ်။ (က-ပ)

အမျိုးသားနှင့် အမျိုးသမီး တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၇ခုနှစ် (၃၃)ကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားတံခွန်စိုက်နှင့် (၉)ကြိမ်မြောက်အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတို့ကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၄ ရက်အထိ မိုးလုံလေလုံအားကစားရုံ (အောင်ဆန်းအားကစားပြိုင်ကွင်း)တွင် ကျင်းပမည် ဖြစ်သည်။

နောက်ဆုံးထား အမည်စာရင်းပေးသွင်း

အဆိုပါပြိုင်ပွဲမှ ၂၀၀၇ခုနှစ်အတွက် တစ်နှစ်တာ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက် ချန်ပီယံနှင့် ပဏာမမြန်မာ့လက်ရွေးစင်တို့ကို ရွေးချယ်သွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသား၊ အမျိုးသမီးအားကစားသမားများသည် ဖေဖော်ဝါရီ ၁၇ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းပါရန်နှင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ကျင်းပမည့် (Players Meeting)သို့ မပျက်မကွက် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

❐ **စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

ထို့ကြောင့်ပင် တစ်နှစ်ထက်တစ်နှစ် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုပြီး ဤခရီးစဉ်မျိုးဖြင့် ပြည်သူတို့၏ အလင်းတံခါးများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အားရ ကျေနပ်စရာကောင်းလှပါသည်။

အမှန်တကယ်အားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော **"မျက်မမြင်"** ဟူသည့် ဝေါဟာရ၏အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ လူတစ်ယောက်၏ ပုံမှန် နေ့စဉ်ပြုလုပ်နေကျ လုပ်ငန်းဆောင်တာများကို မစွမ်းဆောင်နိုင်သည်အထိ အမြင်အာရုံချို့တဲ့နေပြီဆိုလျှင်**"မျက်မမြင်"**ဟု သတ်မှတ်ရမည်ဖြစ်ပေသည်။

မျက်စိဆေးရုံ၊ ဆေးခန်းများတွင် စမ်းသပ်ပေးသည် Snellen Chart ဟုခေါ်သော အမြင်အားစမ်းသပ်သည့် စာလုံးများအနက် အပေါ်ဆုံးစာလုံးကို သုံးမီတာအကွာမှနေ၍ မမြင်နိုင်တော့ဟုဆိုလျှင် (သို့တည်းမဟုတ်)သုံးမီတာအကွာမှနေ၍ လက်ချောင်းလေးများ ထောင်ပြသည်ကို မမြင်နိုင်တော့ဟုဆိုလျှင် **'မျက်မမြင်'**ဟု သတ်မှတ်ပြီး အမြင်အာရုံ ပြန်လည်ရရှိစေရန်ကုသပေးရမည်ဖြစ်သည်။ သို့ရာတွင် ကျွန်မတို့ သွားခဲ့သည့် ခရီးစဉ်တိုင်း ၎င်းအဓိပ္ပာယ်သတ်မှတ်ချက်ကို စာအုပ်ထဲမှာပင် ထားခဲ့ရသည်ချည်းပင်။ လေးပေ၊ ငါးပေမြင်လျှင်ပင် ဝမ်းသာအားရဖြင့် 'နေလို့ရသေးတယ် အဘရယ်မခွဲနဲ့ဦးနော်၊ နောက်တစ်ခေါက်မှ ခွဲပေးမယ်'ရယ်လို့ နှစ်သိမ့်အားပေးပြီးထားခဲ့ရပေါင်းများတော့လည်း ရင်ထဲမကောင်း ဖြစ်မိရပြန်သည်။

တကယ်တော့လည်း ခရီးစဉ်တစ်ခုအောင်မြင်သည်ဆိုရာ၌ စေတနာဆရာဝန်များ ရှိနေရုံဖြင့် မလုံလောက်သေး။ ကျွန်မတို့ကို တာဝန်ပေးစေလွှတ်သည့် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်များ၊ သက်ဆိုင်ရာ မြို့နယ်မှ မြို့မိမြို့ဖ၊ အဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုများ၊ ခရီးစဉ်တစ်ခု သွားမည်ဆိုတိုင်း ဝမ်းသာအားရ ပါဝင် လှူဒါန်းကြသည့် စေတနာသဒ္ဓါတရား ထက်သန်လှသည့် ထာဝရအလှူရှင်များနှင့်အတူ ကျွန်မတို့ရှိရာသို့ အားကိုးတကြီး လာရောက်ပြသကြမည့် လူနာများ စသည်ဖြင့် အားလုံးပြည့်စုံမှသာ ခရီးစဉ်တစ်ခု အောင်မြင်နိုင်မည်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ၊ ယခု ကျွန်မတို့၏ မင်းပြားခရီးစဉ်မှာတော့ ရသရွေ့အချိန်အတွင်းမှာ အများဆုံးနှင့် အကောင်းဆုံး ခွဲစိတ်ပေးနိုင်ခဲ့၍ အားလုံးဝမ်းသာပီတိ ဖြစ်နေခဲ့ကြသည်။ မင်းပြားမြို့လူထုနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ၏ ဝိုင်းဝန်း ကူညီပံ့ပိုးပေးခဲ့မှုကြောင့်ပင် လူနာစုစုပေါင်း ၂၁၀၇ ဦးကို စမ်းသပ်ကြည့်ရှုပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာပေါင်း ၂၁၇ဦး၊ အသေးစားခွဲစိတ်မှုလူနာ ၂၀ တို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြပါသည်။

ဇန်နဝါရီလ ၁၅ ရက်နေ့သည်ကား ကျွန်မတို့ခရီးစဉ်၏ အောင်မြင်မှု အထွတ်အထိပ်နေ့ပင်။ ခွဲစိတ်ပြီး လူနာ ၂၃၇ ဦးကို အမြင်အား ပြန်လည်စစ်ဆေးပေးခဲ့ပြီး မျက်စိကိုအုပ်ထားသည့် ဂွမ်းစလေးများ ဖယ်ရှား၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မျက်စဉ်းများ ခတ်ပေးပြီး ခွဲစိတ်ပြီးနောက် ရှောင်ရန်၊ ဆောင်ရန်များကို ပညာပေး ဟောပြောခြင်း၊ နေကာမျက်မှန်နှင့် မျက်စဉ်းများ ပေးလှူပြီးသည့်အချိန်မှာတော့ အားလုံး၏ အပြုံးမျက်နှာများမှာ တုနှိုင်း၍မမီ ဆေးပန်းချီခြယ်မှုန်း၍ပင် မရနိုင်တော့ပေ။ လူနာများ၊ လူနာစောင့်များ၏ ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သံများ၊ မြို့မိ၊ မြို့ဖ၊ ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလုံးနှင့်အတူ ကြည်နူးအားရ ပျော်ရွှင်နေတဲ့ လူအုပ်ကြီးရဲ့ ပီတိအပြုံးတွေကို နောက်ခံထားပြီး **'လင်းပြီဟော့'**လို့ ကြုံးဝါးတဲ့ အသံတွေ၊ မခွဲခင်တုန်းကတော့မမြင်ရပါ၊ ပရာတယ်(ပြာတယ်)၊ ဝေတယ် (ဝါးတယ်)၊ အီးတယ်(ကိုက်တယ်)နှင့် ရခိုင်သံမျိုးစုံကို ကြားခဲ့ရပြီး ငေးမှိုင်နေရှာခဲ့သူတွေက အဲသည်နေ့မှာတော့ လည်တိုင်လေးတွေတမော့မော့၊ နေကာမျက်မှန်လေးတွေ တကြော့ကြော့နှင့် ဟန်ရေးပြကောင်းနေခဲ့ကြသည်။ အဲသည် အပြုံးပီတိတွေနောက်မှာတော့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဆေးရုံအုပ်ကြီးတို့၏ ကျေးဇူးတင်စကား၊ ဆရာကြီး ဒေါက်တာကံညွန့်နှင့် အလှူရှင် ဦးကျော်တောင်တို့၏ ဝမ်းသာပီတိစကား၊ ထို့နောက် အလင်းပြန်လည် ရရှိခဲ့ပြီဖြစ်သော မျက်စိဝေဒနာရှင် အဘဦးသာချို၏ ရင်တွင်းစကားတွေနဲ့ပဲ အောင်ပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့ပေသည်။

ပန်းတကာပန်းတွေအနက် နန်းထိုက်တော်ဝင် ပန်းသဇင်နှင့် ကျွန်မတို့အဖွဲ့ကို ပုံခိုင်းနှိုင်းပြခဲ့သည့် ဖြူစင်ရိုးသားလှသည့် ရခိုင်တိုင်းရင်းသားကြီး၏ ရင်တွင်းစကားတွေကတော့ ကျွန်မ၏(ခံစားလွယ်သည့်) နှလုံးအိမ်ကိုရိုက်ခတ်တုန်လှုပ်မိရပြီး မျက်ရည်ကြည် သီသီဝေ့ခဲ့ရပေပြီ။ **'လင်းပြီ''လင်းပြီ'**ရယ်လို့ ရခိုင်သံဝဲဝဲ အောင်သံတဝင့်ဝင့် ဟစ်အော်လိုက်တဲ့အခါ လူထုပရိသတ်ကြီး၏ **'သာဓု'**ခေါ်သံတွေက အလင်းရောင်စဉ်လှိုင်းများနှင့်အတူ ရခိုင်ရိုးမတောင်တန်းကြီးတစ်ခုလုံးကို ပဲ့တင်ထပ်မျှ လွှမ်းခြုံကျော်လွှားသွားခဲ့ရပြီဖြစ်သည်။

ကျွန်မတို့အားလုံး အမှန်တကယ် လိုအပ်သည့်နေရာများမှာ အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ခဲ့ပေပြီ။ လောက၌ ငွေကြေးပြည့်စုံ ကြွယ်ဝတိုင်း၊ အတတ်ပညာတွေပြည့်ဝတိုင်း ယခုလို စေတနာအလင်း အလှူတွေ ပေးဝေနိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပေ။ ကျွန်မတို့၏ ဖြူစင်ရှင်းသန့်သည့် စေတနာမေတ္တာများဖြင့် မိမိတို့တတ်ကျွမ်းသည့်ပညာများ ပေါင်းစပ်ပြီး ရခိုင်ပြည်သူတို့၏ အလင်းတံခါးကို ဖွင့်လှစ်ပေးပြီးသည့် နောက်မှာတော့ အထက်ကဆိုခဲ့သည့်အတိုင်း ကျွန်မတို့အဖွဲ့ကို လိုလေသေးမရှိကူညီပံ့ပိုးပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း၊ ဤခရီးစဉ်အတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ကြသော Lion Sight First International၊ အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိဿရ၊ ရခိုင်ပြည်နယ် ထာဝရအလှူရှင် တောင်ကုတ်မြို့မှ ကုန်သည်ကြီး ဦးကျော်တောင်၊ ကံ့ကော်မြေ(မြေနီကုန်း) ဘော်ဒါဆောင်ကျောင်းသူ၊ ကျောင်းသားများနှင့် ဆေးကုမ္ပဏီများ ဖြစ်ကြသော Alcon, Ashford, K.T.Z, Cipla Fourteen Star Network, United Pharma ကုမ္ပဏီတို့အားလည်းကောင်း ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြရင်း ရခိုင်ကဗျာလေးတစ်ပုဒ်ဖြင့် နိဂုံးချုပ်လိုက် ရပေတော့သည်။ ။

လစန္ဒာ ဝင်းလို့ဝါ
ပ, လတ်တေ။
ကျိန်းရိပ်မြီမှာ လရောင်ခင်း
အလင်းအလှူပွဲ ခြိမ့်ခြိမ့်သဲ
လင်းလတ်တေ၊ လင်းလတ်တေ။
(ပ,လတ်တေ = လသာသည်
လင်းလတ်တေ = အလင်းရောင်ရသည်)

ထင်ပေါ်လို့ စင်ပေါ်ရောက်ခဲ့ပြီလား ကင်နာဗာရို

ရောမ ဖေဖော်ဝါရီ ၂

ကိုးကားတင်ပြသူ မြင့်မောင်စိုး

ယခုနှစ် ကမ္ဘာ့ဘောလုံးရာသီတွင် အအောင်မြင်ဆုံး ဘောလုံးသမားတစ်ဦးကို ပြရပါလျှင် အီတလီအသင်းခေါင်းဆောင် ကင်နာဗာရိုကို ပြရမည်သာ ဖြစ်ပေသည်။ ကင်နာဗာရိုသည် ၂၀၀၆ ကမ္ဘာ့ဖလား အီတလီဘောလုံးအသင်းကို ကမ္ဘာ့ဖလားကြီး ဆွတ်ခူးနိုင်ခြင်းနှင့်အတူ ၎င်း၏ဂုဏ်သတင်းမှာလည်း ကမ္ဘာ့ဘောလုံးလောကအကြား သင်းပျံ့မွှေးထုံခဲ့ပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကင်နာဗာရို၏ ရွှေရောင်နေ့ရက်၊ ရွှေရောင်ညများပင် ဖြစ်သည်။

ကမ္ဘာ့ဖလားမတိုင်မီက ကင်နာဗာရို၏ ဂုဏ်သတင်းပျံ့နှံ့မှုမှာ အီတလီစီးရီးအေ ဘောလုံးပရိသတ်များလောက်သာ အကျွမ်းတဝင်ရှိခဲ့သည်။ သို့သော်လည်း အီတလီဘောလုံးနည်းပြ မာဆယ်လိုလစ်ပီက ကင်နာဗာရိုနှင့် အလက်ဇန်ဒရိုနက်စတာတို့အား ခေါ်ယူပြီး ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားတွင် ပွဲထုတ်ကစားရာမှ ကင်နာဗာရိုသည် ထင်ပေါ်ကျော်ကြားလာခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ကင်နာဗာရိုအား ရီးရဲမက်ဒရစ် လေ့ကျင့်ရေး အားကစားကွင်း၌ ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီက ကင်နာဗာရိုအား ကမ္ဘာ့ဖလားအတွက် နောက်တန်းခံစစ်မှူးတာဝန်ပေးရုံမက အသင်းခေါင်းဆောင် တာဝန်ကိုပါ ပေးအပ်ခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက်လုံးတွင် ကင်နာဗာရိုသည် ပြိုင်ဘက်အသင်းများ၏ ဂိုးပေါက်အကွက်ဆင် ဖန်တီးမှုများကို အကောင်းဆုံး ရှင်းထုတ်ပေးနိုင်ခဲ့သည့် ခံစစ်မှူးကောင်းတစ်ဦးလည်း ဖြစ်သည်။

ထိုသို့ကျော်ကြားလာသည့် ကင်နာဗာရို၏ အောင်မြင်မှုသမိုင်း နောက်ကြောင်းကို ပြန်ပြောင်းတင်ပြရလျှင် ကင်နာဗာရိုသည် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီက အီတလီစီးရီးအေ ပါးမားအသင်းတွင် ခြေစွမ်းစတင်ပြခွင့်ရလာခဲ့သည်။

ကင်နာဗာရို၏ ခြေစွမ်းကို သိမြင်လာသော အင်တာမီလန်အသင်းက ၂၀၀၂-၂၀၀၃ ခုနှစ် ရာသီမှစ၍ ခေါ်ယူစာချုပ်ကစားခဲ့သည်။ ထိုမှတစ်ဆင့်တက်ပြီး ကင်နာဗာရိုသည် တစ်ချိန်က အီတလီစီးရီးအေတွင် အောင်မြင်မှုများရရှိခဲ့သည့် ဂျူဗင်းတပ်စ်အသင်းက မျက်စိကျလာ၍ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီမှစပြီး ခေါ်ယူကစားခဲ့သည်။ အီတလီစီးရီးအေ၏ ဂျူဗင်းတပ်စ် နောက်တန်းတာဝန်ကို ရာသီတစ်လျှောက်လုံး တာဝန်ယူကစားပေးခဲ့သည်။

အောင်မြင်

အီတလီစီးရီးအေတွင် အောင်မြင်သောဘောလုံးသမားအဖြစ် ပါဝင်ကစားလျက်ရှိသကဲ့သို့ အီတလီလက်ရွေးစင်အသင်းတွင်လည်း ခြေစွမ်းပြကစားခဲ့သည်။ အီတလီဘောလုံးလက်ရွေးစင်အသင်းတွင် အသင်းခေါင်းဆောင် တာဝန်ယူလျက် ပွဲပေါင်း ၁၀၅ပွဲ ပါဝင်ကစားပေးခဲ့ပြီး အီတလီအသင်းအား ကမ္ဘာ့ဖလားကြီးကိုပါ ဆွတ်ခူးပေးနိုင်ခဲ့သည်။

စာချုပ်

ထို့ကြောင့်လည်း ကမ္ဘာ့ဖလားအပြီး ကင်နာဗာရိုအား စပိန်ရီးရဲမက်ဒရစ်အသင်းက ဂျူဗင်းတပ်စ်အသင်းမှ ကင်နာဗာရိုအား ခေါ်ယူစာချုပ်ခဲ့ပြန်သည်။ ကင်နာဗာရိုအနေဖြင့် အီတလီဂျူဗင်းတပ်စ်အသင်းမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့သည်မှာ အလွန်မှန်ကန်သော ဆုံးဖြတ်ချက်ပင်ဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဂျူဗင်းတပ်စ်အသင်းသည် စီးရီးအေ ဘောလုံးအသင်းများ လုပ်ပွဲကစားခဲ့ကြ၍ အပြစ်ပေးအရေးယူခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ အကယ်၍သာ ၎င်းအနေဖြင့် ဂျူဗင်းတပ်စ်၌ ဆက်နေခဲ့လျှင် အောင်မြင်မှုမှာ ရေပွက်ပမာဖြစ်ချေတော့မည် ဖြစ်သည်။

ဆွတ်ခူး

သို့သော်လည်း ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် ဂျူဗင်းတပ်စ်ကို ကျောခိုင်း၊ ရီးရဲမက်ဒရစ်တွင် ခြေချနိုင်ခဲ့မှုကြောင့် အောင်ပွဲအလီလီ၊ ဆုပေါင်းအဖြာဖြာ ဆွတ်ခူးနိုင်ခဲ့သည်။

မှတ်မိသေးသည်။ ၂၀၀၆ခုနှစ်အကုန် ဒီဇင်ဘာ ၁၈ရက်က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ဖြစ်သည်။ ထိုနေ့သည်ကား အီတလီအသင်း အသင်းခေါင်းဆောင် ကင်နာဗာရို ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု တက်ရောက်လက်ခံသောနေ့ ဖြစ်သည်။

ထို့အရင်မတိုင်မီက ဖစ်ပရိုအကောင်းဆုံးဘောလုံးသမားဆု၊ ဥရောပ အကောင်းဆုံး ဘောလုံးသမားဆုများ ဆွတ်ခူးထားနိုင်ခဲ့ပြီ ဖြစ်သည်။ ထိုဆုများကြောင့်ပင် ကမ္ဘာ့ဘောလုံးလောကသားများအကြား ကင်နာဗာရိုသည်သာ အကောင်းဆုံး၊ အတော်ဆုံး ဘောလုံးသမားအဖြစ် ခေါ်ဝေါ်သမုတ် ဆန္ဒမဲပေးခဲ့ကြသည်။

ကမ္ဘာတစ်လွှား အားကစား



၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က ကင်နာဗာရို အား ဇူးရစ်မြို့၌ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု နှင့်အတူ ဤသို့ အပြုံးဖြင့်...။

(ဓာတ်ပုံ-အင်တာနက်)

စင်ပေါ်ရောက်

ထို့ကြောင့်လည်း ကင်နာဗာရိုသည် ထင်ပေါ်ကျော်ကြားမှုနှင့်အတူ ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး စင်မြင့်ပေါ်သို့ ရောက်ခဲ့ရပြီဖြစ်သည်။ ထိုနေ့သည်ကား ကင်နာဗာရို၏ အပျော်ဆုံးည ဖြစ်လိမ့်မည်ဟု မျှော်လင့်ရသည်။ အကြောင်းမှာ ဘောလုံးသမားတိုင်း မျှော်လင့်သောဆုဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ဤသို့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားကြီးအဖြစ် ကင်နာဗာရို တစ်ယောက် အောင်ပွဲခံကြည်နူးနေချိန်တွင် နောက်ထပ်အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးခဲ့ပြန်ပြီဖြစ်သည်။ ယင်းဆုမှာ အီတလီဘောလုံးလောက၏ အမြင့်ဆုံး ဘောလုံးအော်စကာဆုပင် ဖြစ်သည်။ ၎င်းဆုကို အီတလီဘောလုံးသမားများ အစည်းအရုံးက မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်အတွင်း အကောင်းဆုံး ဘောလုံးစွမ်းဆောင်ရည် အကောင်းဆုံးကို ဂုဏ်ပြုပေးအပ်သော ဆုဖြစ်ကြောင်း သိရသည်။

အဆိုပါဆုကို ကင်နာဗာရိုအား ပြီးခဲ့သော ဇန်နဝါရီ ၂၉ ရက် ညပိုင်းက မီလန်မြို့၌ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဆုပေးပွဲအခမ်းအနားတွင် ကင်နာဗာရိုသည် ဘောလုံး အော်စကာဆုအပြင် အခြားသောဆုများဖြစ်သည့် အကောင်းဆုံး အီတလီ ကစားသမားနှင့် အကောင်းဆုံး နောက်တန်းလူဆုပါ ရွေးချယ်ခံရ၍ ဆုသုံးဆု တစ်ပြိုင်တည်း ဆွတ်ခူးသွားခဲ့သည်။

ထိုသို့ အကောင်းဆုံးဘောလုံးဆုများဖြင့် ဝိုင်းရံနေသော ကင်နာဗာရိုအား မကြာမီက အင်္ဂလိပ်ပရီမီယာလိဂ် ချယ်လ်ဆီးအသင်းက ကမ်းလှမ်းထားပြီ ဖြစ်သည်။ နည်းပြမော်ရင်ဟိုက ဂျွန်တယ်ရီကဲ့သို့ နောက်တန်းကစားသမားကောင်း တစ်ဦးခေါ်ယူရန် ကြိုးစားခဲ့သော အနေအထားဖြစ်ပုံရသည်။

ကမ္ဘာ့ဖလားမှအစချီ ဆုအလီလီဆွတ်ခူးခဲ့ပြီဖြစ်သော ကင်နာဗာရိုအား မေးခွန်းလေးတစ်ခုလောက်တော့ မေးလိုပါသည်။ ယင်းမေးခွန်းလေးကတော့ **"ထင်ပေါ်လို့ စင်ပေါ်ရောက်ခဲ့ပြီလား-ကင်နာဗာရို"**။ ။

(ကိုးကား-အင်တာနက်သတင်းများ)

ကိုပါအီတာလီယာဖလား အကြိုဗိုလ်လုပွဲ အင်တာမီလန် သရေပွဲဖြစ်သော်လည်း ဗိုလ်လုပွဲတက်ပြီ

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ရောမ ဖေဖော်ဝါရီ ၂

ကိုပါအီတာလီယာ ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် အင်တာမီလန်နှင့် ဆမ်ဒိုးရီးယားတို့ ဖေဖော်ဝါရီ ၁ရက်က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေပွဲ ဖြစ်သွားခဲ့သည်။

ခံစစ်လုံ

အင်တာမီလန်အသင်းသည် ၄-၅-၁ပုံစံဖြင့် တိုက်စစ်တွင် ခရစ်ဗ်အား အထောင်ထားပြီး ကွင်းလယ်မှ ဂွန်ဇာလက်ဇ်၊ဆိုလာရီ၊ ဖီဂိုနှင့်မာရဖီတို့ဖြင့် တိုက်စစ်ဆင်ကစားခဲ့သော်လည်း ဆမ်ဒိုးရီးယားတို့က ခြေရည်တူ ကစားကာ ခံစစ်လုံခဲ့ခြင်းကြောင့် ဂိုးသွင်းခွင့်များ လွတ်လွတ်ကင်းကင်း မရရှိခဲ့ချေ။

တန်ပြန်တိုက်စစ်

ဆမ်ဒိုးရီးယားတိုက်စစ်မှူး ဘွန်နာဇိုလီနှင့် ဘာဇာနီတို့ကလည်း တန်ပြန်တိုက်စစ်များမှတစ်ဆင့် အင်တာမီလန်နောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း အင်တာမီလန် နောက်တန်းကို မကျော်နိုင်ခဲ့သောကြောင့် ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

အင်တာမီလန်သည် ၇၁ မိနစ်တွင် ဖီဂိုအစား ရီကိုဘာ၊ ၈၄ မိနစ်တွင် ဆိုလာရီအစား ဖောတာရိုကိုကို အစားထိုး ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့သဖြင့် အင်တာမီလန်တို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အင်တာမီလန်တို့ ယခုပွဲ ဂိုးမရှိ သရေကျပြီး ပထမအကျော့ အကြိုဗိုလ်လုပွဲအဖြစ် အဝေးကွင်း၌ ဆမ်ဒိုးရီးယားကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

(အင်တာနက်)

ထိုးဖောက်

ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ အဖြစ် အင်တာမီလန် နှင့် ဆမ်ဒိုးရီးယား တို့ပွဲတွင် အင်တာမီလန်မှ ရီကိုဘာ (ဝဲ)ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန် ယူ-၂၁အသင်း အချိန်ပိုင်းနည်းပြအဖြစ် စတီးဝပ်ပီးယားအား ခန့်အပ်တာဝန်ပေး

လန်ဒန် ဖေဖော်ဝါရီ ၂

မန်ချက်စတာစီးတီးအသင်းနည်းပြ စတီးဝပ်ပီးယားအား အင်္ဂလန် အသက်(၂၁)အောက်ဘောလုံးအသင်း အချိန်ပိုင်းနည်းပြအဖြစ် ခန့်အပ်လိုက်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။

မိမိအနေဖြင့် နွေရာသီဘောလုံးပွဲများ ခေတ္တရပ်နားချိန်တွင်လည်း အင်္ဂလန် အသက်(၂၁)နှစ်အောက် ဘောလုံးအသင်းတွင် အချိန်ပြည့် တာဝန်ယူမလုပ်ပေးနိုင်ကြောင်း၊ မိမိ၏ အဓိကတာဝန်ဖြစ်သော မန်စီးတီးကလပ် နည်းပြတာဝန်ရှိနေကြောင်း စတီးဝပ်ပီးယားက ပြောကြားသည်။

အင်္ဂလန် ယူ-၂၁ ဘောလုံး အသင်း အချိန်ပိုင်းနည်းပြ ဖြစ်လာသည့် စတီးဝပ်ပီးယား။

(ဓာတ်ပုံ-အင်တာနက်)

စတီးဝပ်ပီးယားသည် လာမည့်သီတင်းပတ်များမှစတင်ကာ အသက်(၂၁)နှစ်အောက် ဥရောပချန်ပီယံ ဘောလုံးပွဲများနှင့် စပိန်နှင့် ချစ်ကြည်ရေးဘောလုံးပွဲတွင် နည်းပြအဖြစ် တာဝန်ယူပေးရမည် ဖြစ်သည်။

အင်္ဂလန် ယူ-၂၁ အသင်းတွင် အချိန်ပိုင်းနည်းပြအဖြစ် စတီးဝပ်ပီးယားအား လုပ်ကိုင်ခွင့်ကို မန်စီးတီးကလပ်က ခွင့်ပြုခဲ့ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

(အင်တာနက်)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် နှင့် ဒေါ်နုနုဆွေ
တို့၏တစ်ဦးတည်းသောသား

မောင်ကျော်သီဟ B.C.Sc

နှင့်

ရောဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ဈေးရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၇၈ နေ
ဦးကြည်လွင်(MD Sky Top Star Co., Ltd.) နှင့် ဒေါ်လှလှဝင်း
တို့၏သမီး

မနွေးအိအိဇင် B.A (IR)

တို့၏ ၂-၂-၂၀၀၇ရက်တွင် Sedona Hotel Grand Ballroom၌ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲ၏မိသားစုများအားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီးဒေါ်ခင်ခင်ဝင်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၏ဇနီး၊ တိုင်းမှူး၊ တပ်မမှူးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊မင်္ဂလာညစာစားပွဲသို့ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များကိုချီးမြှင့်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်/နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသည့် ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော အဆိုတော် ဒေါ်တင်တင်မြနှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော အေဝမ်းဦးစိုးမြင့်တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော မဂျာအောင်၊မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မဂရေ့စ်၊ မင်္ဂလာလက်စွပ်ဗန်းကိုကိုင်ဆောင်ပေးသော မဟေမာငြိမ်းအေး၊ သတို့သားအရံဗိုလ်မျိုးအောင်နှင့် မောင်ပြည့်ဖြိုးတေဇ၊ သတို့သမီးအရံ မသီရိဆွေနှင့် မကျော့သီရိဆွေ၊ မေတ္တာဖြင့် ရတနာအလှဆင်မြန်းပေးသူ ကိုဝင်းနိုင်နှင့် မစန်းစန်း၊ မင်္ဂလာဝတ်စုံကိုဖန်တီးပေးသည့် ခင်စန်းဝင်း၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ပန်းအလှပြင် Ethernal Flower၊ မှတ်တမ်းတင် ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော ဦးဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သီဟ-မနွေးအိအိဇင်။

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ **ဗိုလ်မှူးချုပ်အောင်ကြီး (ငြိမ်း)** ၏ ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်တွင် ကျရောက်သော (၈၈)နှစ်မြောက် မွေးနေ့မှ နှစ်(၁၀၀)တိုင်အောင် **ချစ်မေမေ ဒေါ်မူမူသိန်း** နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဇနီး - ဒေါ်မူမူသိန်း
သား သမီးများ
ကိုရဲမြင့်-ဒေါက်တာပင်ဒိုရာအောင်ကြီး Dr. Med. Sc (Rehabilitation Medicine)
ကိုအောင်မျိုး-မသင်းနွယ်အောင်
ကိုအောင်မျိုးခိုင်-မအေးအေးဝင်း
ကိုမင်းကျော်သူ-ဒေါက်တာကေခိုင်မော်
မြေးများနှင့်
တူ၊ တူမများ မိသားစု။

အမည်ပြောင်း

ဦးဝင်းချို၏သား ကျောက်ဖြူ အထက(၁)န၀မတန်း(A)မှ မောင်ဖြိုးဝင်းပိုင်အား မောင်မင်းသူအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသူအောင်။

ဖခင်အမည်မှန်

ကတုံးပေါ်အထက်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း သုံးခွမြို့နယ်နေ မောင်ပြည့်ဖြိုးအောင် (ဆဋ္ဌမတန်း)၏ ဖခင်အမည်မှန်မှာ ဦးထွန်းရီ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်အောင်ဝင်း၏ E.E.R အမှတ်-၁၄၁၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

ဆက်သွယ်ရန် - ၂၉၅၄၄၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၂၆၁၃၈၊ အမျိုးအမည် Honda ND 125 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကျော်ဆန်းဦး ၁၀/သထန(နိုင်)၀၄၅၆၀၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(သထုံ)။

အမြန်ပြန်လာပါ

မနီလာထွေး(ခ)ချစ်စု အသက်(၂၇)နှစ်သည် ၁၅-၁-၂၀၀၇ရက်တွင် နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးသွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ပြန်လာပါရန်နှင့် သွေးဆောင်ဖြားယောင်းပြီး လက်ခံထားသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖခင်-ဦးတင်မြင့်။

အမွေပြတ်ကြော်ငြာ

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်စိုးမိုးလွင် ၁၂/ခမန(နိုင်)၁၁၆၅၀၁ အား ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးစိုးမြင့်လွင်-ဒေါ်မြမြဝင်း။

ဖြိုးနိုင်လင်း(ခ)ကိုဖြိုးနှင့် အများသိစေရန်

လှိုင်လင်မြို့၊ဌာနလမ်း၊ တ-၆နေ (ဦးညီညီ) - ဒေါ်အေးလောက်ဆန်း တို့၏သား မောင်ဖြိုးနိုင်လင်း ၁၃/လလန(နိုင်)၀၅၅၆၆၆ သည် မိဘ၊ ဦးလေး၊ အဒေါ်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ Mandalay Electronic နှင့်လည်း မသက်ဆိုင်တော့ပါကြောင်း ကြော်ငြာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်အေးလောက်ဆန်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မော်မော်သိန်း CDC-32314 ၏ Allortment အပါအဝင် သင်္ဘောသား စာရွက်စာတမ်းအချို့ ပျောက်ဆုံးနေပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

မောင်မော်မော်သိန်း
ဖုန်း - ၅၃၇၂၉၂။



မသက်ဆိုင်တော့ပါ

ကျွန်တော်၏ဇနီးဖြစ်သူ မသန်းသန်းစီ (ဘ)ဦးတင်ရွှေ၏သမီး ၁၂/ကတန(နိုင်)၁၉၆၇၄၈သည် သူမ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သူမနှင့် ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဗိုလ်ရဲ ၉/ကပတ(နိုင်)၀၀၃၈၄၆
(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

အမှားပြင်ဆင်ချက်

၂-၂-၂၀၀၇ရက်နေ့ထုတ် စာမျက်နှာ-၁၃ပါ **"ဦးတင်မောင်နှင့်အများသိစေရန်"** ကြော်ငြာတွင် ရွှေပြည်ဦးဆောက်လုပ်ရေးအဖွဲ့ ဦးဇော်ဝင်း PRE-135032၊ ဒေါ်ယဉ်ယဉ်မြ BSNW -235127၊ ဦးဇော်မင်းမြင့် MGK - 038954၊ ဦးအောင်နိုင်မြင့် MGK -038955၊ အမှတ် ၄၆/က၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရဲအောင်၏ နိုင်ငံကူးလက်မှတ် အမှတ်-၃၇၆၄၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၇၈၅၈၂။

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ စွန်ချောင်းရေလှောင်တမံ
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၄၅ ၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၂:၅၅ ၅။ **"စည်းလုံးခြင်းရဲ့အရသာ"** ကိုကိုလင်းမောင်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၁၃:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၃:၂၅ ၇။ **"အရူးဇာဦး၏ပုံရိပ်များ"** ကျော်ရဲအောင်၊ မေသဥ္ဇာဦး၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ-မောင်ဝဏ္ဏ)
- ၁၄:၂၅ ၈။ မအီချောင်းတံတား
- ၁၄:၃၀ ၉။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၄၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၆:၅၅ ၅။ တေးဂီတအစီအစဉ်
- ၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၃၀ ၇။ ရှသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၂၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၅ ၁၁။ နယ်ချဲ့လက်သစ်၏အသုံးတော်ခံဘဝရောက်နေရသည့် နိုဘယ်လ်ဆု (အပိုင်း-၂)
- ၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း-၁၇)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၂၀)

မြို့နယ်အချို့တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၃၁ရက် နံနက် ၈နာရီ ၅၅မိနစ်ခန့်တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်း အိမ်အမှတ်(၃)နေ ဒေါ်ခင်သ၏ နှစ်ခန်းတွဲ ငါးလွှာတိုက် တတိယထပ် ယာဘက်အခန်းတွင် ပလတ်စတစ်တစ်ရှူးဘူးပေါ် ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ငွေကျပ်တစ်သိန်းဖိုးခန့် ဆုံးရှုံးသည်။

ယင်းနေ့နံနက် ၉နာရီ၁၅မိနစ်ခန့်တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး(တောင်)ရပ်ကွက် အောင်သစ္စာလမ်း အိမ်အမှတ်(၃၆၄/ခ)နေ ဦးအောင်မြတ်ကျော်၏အိမ်တွင် ဆေးလိပ်တိုမီးမှအနီးရှိမွေ့ရာသို့ကူးစက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ရှစ်လုံး မီးလောင်ခံရသဖြင့် လူ ၄၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ်တစ်ဆယ့်တစ်သိန်းဖိုးခန့်ဆုံးရှုံးပြီး နွားခြောက်ကောင် သေဆုံးသည်။

အလားတူ ယင်းနေ့နံနက် ၁၁နာရီခန့်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် ပတ္တမြားလမ်း အိမ်အမှတ်(၁၂၀/ခ)နေ ဒေါ်ကြည်၏အိမ်တွင် လျှပ်စစ်မီးဖိုပေါ်ဟင်းအိုးနွေးရာမှအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်လေးလုံး မီးလောင်ခံရပြီး လူ၁၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ်သုံးသိန်းဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် မိုးမိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်း၍ ဇန်နဝါရီ ၂၄ရက်က မိုးမိတ်မြို့ မြနန္ဒာပန်းခြံနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် မြို့သာယာလှပရေးနှင့် သန့်ရှင်းရေး လုပ်ငန်းများအား ဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

မီးကြွင်း မီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြန်/ဆက်ဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ လုပ်ငန်းညှိနှိုင်းဆွေးနွေး၊ အကောင်းဆုံးမြို့နယ် ဂုဏ်ပြုဆုချီးမြှင့်

လွိုင်လင် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လွိုင်လင်ခရိုင် ဥက္ကဋ္ဌ ဦးအောင်ငွေက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက နေပြည်တော်တွင် ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အားသာချက်၊ အားနည်းချက်များနှင့် ၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ထူးချွန်မြို့နယ်များအား ဆုချီးမြှင့်ပွဲကျင်းပရာ မီဒီယာလုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံးဆောင်ရွက်နိုင်သည့်ပင်းတယမြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့အားလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရေး အများဆုံးဆောင်ရွက်နိုင်သည့် ဆီဆိုင်မြို့နယ်နှင့် နောင်တရား မြို့တို့အား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်ပြီးလုပ်ငန်းအကောင်းဆုံး မြို့နယ် ဂုဏ်ပြုဆုကို ဆီဆိုင် မြို့နယ်နှင့် လဲချားမြို့နယ်တို့အား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ငွေက ဆုများချီးမြှင့်ပြီး လုပ်ငန်းအကောင်းဆုံး မြို့ဆုကို နောင်တရားမြို့အား တောင်ကြီးခရိုင် ဦးစီးအရာရှိ ဦးချီမောင်က လည်းကောင်း၊ ပင်လုံမြို့ကို လွိုင်လင်ခရိုင် ဦးစီးအရာရှိ ဦးသောင်းဝင်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး နေ့လယ်ပိုင်းတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မေမေနီ၊တောင်ကြီးခရိုင်ဦးစီးအရာရှိ ဦးချီမောင်၊ လွိုင်လင်ခရိုင် ဦးစီးအရာရှိ ဦးသောင်းဝင်းတို့က ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာစာကြည့်တိုက်များ ကျေးရွာတိုင်း ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မာအောင် ဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ် ဆွေးနွေးကြသည်။

ထို့နောက် တောင်ကြီး ခရိုင်၊ လွိုင်လင် ခရိုင်၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများက မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်တင်ပြဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်၊ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်နှင့် အဖွဲ့ဝန်ထမ်းများ ဒီဇင်ဘာ ၂၆ ရက်က စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မည့် အမှတ်(၆)ရပ်ကွက် ဇမ္ဗူမြိုင် ကတ္တရာလမ်းခင်းရန် ကွင်းဆင်းတိုင်းတာခြင်းကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့မဈေး၌ ဈေးရောင်းချမှုစစ်ဆေး

တိုက်ကြီး ဇန်နဝါရီ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၅ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ ဈေးသည်များ စနစ်တကျ တည်ခင်းရောင်းချမှု ရှိစေရန်အတွက် သားငါးများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းနှင့် ဆေးသုတ်ခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ဒုတိယဦးစီးမှူး ဦးအောင်လွင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ဒီဇင်ဘာ ၂၆ ရက်က ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးဝင်းနိုင်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

သွေးဆေးကန် အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

ဂွမြို့ ဇန်နဝါရီ ၃၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇ ဓမ္မာစရိယ၊ ဂန္ထဝါစကဓမ္မာစရိယသည် ရခိုင်ပြည်နယ် ဂွမြို့မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၂၀၆)၏ မတ် ၃၀ ရက်မှ ဧပြီ ၅ရက်(တန်ခူးလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၄ ရက်)အထိ (၂၂)ကြိမ်မြောက်ကျင်းပမည့် တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကလေးများ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုပြိုင်

ဆင်ဖြူကျွန်း ဇန်နဝါရီ ၁၀

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးများ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု ပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က ပိုးတန်းရပ် အမကဌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးသန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဆေးရုံအုပ် ဒေါက်တာစိုးနိုင်က ကလေးများ ကျန်းမာမှုစစ်ဆေးပုံကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တစ်လမှ သုံးလအထိ၊ သုံးလမှခြောက်လ အထိ၊ ခြောက်လမှ ကိုးလအထိအဆင့်အသီးသီးတွင်ပထမ၊ ဒုတိယ၊ တတိယဆုရ ကလေးတို့အားလည်းကောင်း၊ အမြွှာမွေးကလေး မိခင်လေးဦးတို့အား လည်းကောင်း၊ လွတ်လပ်ရေးနေ့မွေး ကလေးတစ်ဦးအား လည်းကောင်း ရာသက်ပန်အသင်းဝင် ဒေါ်စောနွယ်ထွေးနှင့် အသင်းဝင်တို့က အာဟာရ၊ ဆေးဝါးနှင့် အဝတ်အထည်များကို ဆုချီးမြှင့်ကြကြောင်း သိရသည်။**(အောက်ပုံ)**

(က-ပ)

မလှိုင် အမှတ်(၁)ဝါကြိတ်စက်ရုံ ဝန်ထမ်းများ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသ

မလှိုင် ဒီဇင်ဘာ ၃၀

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အမှတ်(၁)ဝါကြိတ်စက်ရုံတို့ ပူးပေါင်း၍ စက်ရုံဝန်ထမ်းများ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက အမှတ်(၁)ဝါကြိတ်စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှင်းလင်းပြသ

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်း၊ အတွင်းရေးမှူး ဦးထင်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်းနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုရာ စက်ရုံတာဝန်ခံဦးစံလှက မီးဘေး ကာကွယ် တားဆီးရေးဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်နည်းကိုသရုပ်ပြသရာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(၄၁၉)**

အလင်းရောင်စာကြည့်တိုက်အဆောက်အအုံဖွင့် ပရိဘောဂ၊ စာအုပ်နှင့် ဂျာနယ်မျိုးစုံလှူဒါန်း

သန်လျင် ဇန်နဝါရီ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ပျဉ်ထောင်ကျောင်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ ပရိဘောဂ၊ စာအုပ်နှင့် ဂျာနယ်မျိုးစုံလှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစံသိန်းနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင် ဦးအုန်းသွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံ၊ပရိဘောဂ၊ စာအုပ်၊ ဂျာနယ်နှင့် စာစောင်မျိုးစုံလှူဒါန်းပွဲကို ခန်းမတွင် ဆက်လက်ကျင်းပရာ စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းသော အလှူရှင်ဦးမြင့်စိုးနှင့် ပရိဘောဂ၊ စာအုပ်အလှူရှင် ဆရာကြီး ဦးရန်အောင်တို့က လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ပျဉ်ထောင်ကျောင်းကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအပါအဝင် အလှူရှင် ၂၀ တို့က စာအုပ်၊ ဂျာနယ်မျိုးစုံ ၁၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

3-2 (15) 1 2/3/07, 2:29 PM

ပေးအပ်လှူဒါန်း

မုဒုံမြို့ ဘိုးဘွားရိပ်သာအတွက် ဇန်နဝါရီ ၉ရက်က ရန်ကုန်မြို့ ၁၃၃ ဝင်ဒါမီယာလမ်းနေ အလှူရှင် ဒေါ်ခင်ဖွား(လူမှုထူးချွန်တတိယဆင့်) မိသားစုက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးပိုးရီက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်သံဝေဇနိယ နေ့တရားစခန်း

လပွတ္တာ ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘေးပေါက်ကျေးရွာ ဓမ္မာလင်္ကာရ ချောင်းဝ ကျောင်းတိုက်ဆရာတော် ဦးစက္ကိန္ဒ၏ ဩဝါဒကို ခံယူလျက် မိုးကုတ်သံဝေဇနိယ(နေ့)တရားစခန်းကို ဖေဖော်ဝါရီ ၁၅ (ကြာသပတေးနေ့)မှ ၂၁ရက် (ဗုဒ္ဓဟူးနေ့)အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် ဘေးပေါက်ချောင်းဝဆရာတော် ဦးစက္ကိန္ဒ၊ ရန်ကုန်မြို့ မူလကမ္ဘာအေးလေး ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန် အဘိဓမ္မာ)တို့က တရားတော် အနှစ်ချုပ် စာစောင်များ ဖြန့်ဝေ၍ ပေါင်းကူးရှင်းလင်း ဆွေးနွေးမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အဆိုပါကျောင်းတိုက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်ဖက်မိဘများ ဖြစ်ကြသော ဦးကျော်စိန်-ဒေါ်ကြည်၊ ဦးအရင်- ဒေါ်မြရီ၊ အစ်မကြီး ဒေါ်ကြူကြူနှင့် သားကြီး ဒုတိယရဲအုပ် မြတ်တိုးတို့အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သမိုင်းလမ်းဆုံနေ ဦးဝင်းဌွေး-ဒေါ်တိုးတိုး မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စထံရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နေပြည်တော်မြို့နယ် မြို့မ ဈေးကြီး အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ ကျင့် မှု လုပ် ငန်း များ ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၈ ရက်က မြို့နယ် မီးဘေးကြိုတင်ကာကွယ် တားဆီးရေး ဥက္ကဋ္ဌ၊ မြို့နယ် ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌွေး၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မြို့မဈေးကြီး အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသစဉ်။ (၀၈၅)

ရှင်းလင်းပြသ

သံဖြူဇရပ်မြို့နယ် စက်စဲရွာရှိ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အောင်တို့ ဇန်နဝါရီ ၃ ရက်က ကွင်းဆင်း စစ်ဆေးရာ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်က ရှင်းလင်းပြသစဉ်။

(မြို့နယ်ငါးဦးစီး)

ကလေးနှင့်မိခင် ပြိုင်ပွဲဆုရသူများ တာချီလိတ်၌ ဆုချီးမြှင့်

တာချီလိတ် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးနှင့်မိခင်ပြိုင်ပွဲ ဆုရသူများအား ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး၏ ဇနီးဒေါ်သင်းသင်းရည်၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးသိန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ဗျူဟာမှူး၏ဇနီး ဒေါ်သင်းသင်းရည်က ကလေးပြိုင်ပွဲတွင် ပထမဆုရရှိသောကလေးအား ဆုချီးမြှင့်ပေးသည်။ **(ဝဲပုံ) (ခရိုင် ပြန်/ဆက်)**

တောင်ကြီးမြို့၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

တောင်ကြီး ဇန်နဝါရီ ၂

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဟင်းသီး ဟင်းရွက်ဈေးတို့တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ဈေးသူ ဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းနှင့်အဖွဲ့ တက်ရောက်အားပေးကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၅-၂-၂၀၀၇ (တနင်္လာနေ့)
- ❑ – An Introduction to Philosophy of Religion
  – ယင်းဘာသာရပ်၏ အခြေခံအချက်များကို စိတ်ဝင်စားသူများ။
- ❑ – Client Centered Psychotherapy
  – မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ) သင်တန်းများ

၆-၂-၂၀၀၇ (အင်္ဂါနေ့)
- ❑ The Nature and Scope of the Law
  – ပထမနှစ်မှ နောက်ဆုံးနှစ် ဥပဒေအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Myanmar Agenda 21 and Myanmar United Nations Co-operation in Environmental Rehabilitation in the Dry Zone
  – မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများ

၇-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)
- ❑ ပုဂံခေတ်ကျောက်စာ အဆောက်အအုံ(၅)ခုအနက် "နန်းဘုရား" အကြောင်း
  – ရှေးဟောင်းသုတေသနပညာအထူးပြုနှင့် စိတ်ဝင်စားသူများ
- ❑ Some Well-Known Name Reactions For Organic Synthesis
  – မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများ

၈-၂-၂၀၀၇ (ကြာသပတေးနေ့)
- ❑ Elemental Analysis using EDXRE
  – မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်း
- ❑ Computer Aided Teaching for Nuclear Physics
  – မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဘွဲ့ကြိုသင်တန်း

၉-၂-၂၀၀၇ (သောကြာနေ့)
- ❑ Systems of Ordinary Differential Equations
  – မဟာသိပ္ပံ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများ
- ❑ The Diversity of Life on Earth
  – မဟာသိပ္ပံ ဒုတိယနှစ် သတ္တဗေဒနှင့် Environmental Studies သင်တန်းသားများ

၁၀-၂-၂၀၀၇ (စနေနေ့)
- ❑ Total Debtors Account and Total Creditors Account
  – ပထမနှစ် စီးပွားရေးပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Business Environment
  – ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Book-keeping Procedures and Cash Book
  – ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Demand
  – ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Internal Structure and Organization
  – ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Preparation of Accounts From Single Entry or In-complete Records
  – ပထမနှစ် စီးပွားရေးပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Introducing Logic
  – ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Study of Proposition I
  – ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Study of Proposition II
  – ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Study of Immediate Inference
  – ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Nature of Induction
  – ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
  – Subsidiary of Induction
  – ပထမနှစ် ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၁-၂-၂၀၀၇ (တနင်္ဂနွေနေ့)
- ❑ လယ်ထွန်မင်္ဂလာ
  – ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ဥမ္မာဒန္တီပျို့
  – ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ရှေးခေတ်ပုဂံပြည်
  – ပထမနှစ်အထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ
- ❑ နာခံတော်ဝတ္ထု
  – ပထမနှစ် မြန်မာမှုအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ နိုင်ငံတော်မျက်နှာ
  – ပထမနှစ်အထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ
- ❑ ပါဠိဘာသာနိဒါန်း
  – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ ဒဿနိက၊ ရသအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး
- ❑ ဗျည်းဆိုးနာမ်၊ သချာနာမ်နှင့် နာမဝိသေသန
  – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ ဒဿနိက၊ ရသအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး
- ❑ ရှင်ပြုပွဲ
  – ပထမနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး
- ❑ ပညာရေးဆိုင်ရာ မင်္ဂလာများ
  – ပထမနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး
- ❑ ကိတ်နာမ်များ
  – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ ဒဿနိက၊ ရသအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး
- ❑ ရသများ
  – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ ဒဿနိက၊ ရသအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး
- ❑ ဗျည်းများ
  – ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ ဒဿနိက၊ ရသအထူးပြု ကျောင်းသား၊ ကျောင်းသူအားလုံး

ဦးကံညွန့်မောင်
အင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း

- IELTS, TOEFL, GCSE, SAT

Cultural Literacy

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၇ (အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးသန်းထွန်း ၂။ ဒေါ်ဌေးဌေး
တရားနိုင်		**တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် မတ်လ ၅ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်နေ့)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ် အကွက်(၁၃/က နန်းတော်ကုန်း)ဦးပိုင်(၁၉) မြေကွက်အမှတ်(၂၂)၊ ဧရိယာ ၀ဒသမ ၁၁၃ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ လူနေပတ်ကား နှစ်ထပ်တိုက်၊ ဆီစက်ရုံ နှစ်ထပ်တိုက်၊ ဝါကြိတ်စက် တစ်လုံး၊ ဆီစက် တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၇၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်မှ တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှ ဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း

တွဲဖက်တိုင်းတရားသူကြီး(၂)၊ မန္တလေးတိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်- ၅၊ နည်း -၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် - ၁၂၂

ဦးမြဝင်းပါ-၆ အမှတ်၈၊ သင်္ဂဟလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	ဦးစိုးစိုး အမှတ်-၇၈၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
တရားလိုများ		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်ဦးစိုးစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက "စာချုပ်ပယ်ဖျက်ပေးစေလိုမှု၊ မြေငှားစာချုပ်ကို ပြန်လည်ပေးအပ်စေ၍တိုက်သစ်ဆက်လက်ဆောက်လုပ်ခွင့် ရှိသူများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုသူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်၊ (၁၃၆၈ ခု၊ တပို့တွဲလကွယ်နေ့) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤတိုင်းတရားရုံး တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စစ်တင်**

တွဲဖက်တိုင်းတရားသူကြီး(၉)၊ ရန်ကုန်တိုင်းတရားရုံး။

ယူရီးယား အဝယ်တင်ဒါ (မြန်မာကျပ်ငွေ)

၁။ ဝယ်ယူမည့်ပစ္စည်းများ - ယူရီးယား
၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၅-၂-၂၀၀၇ရက်နေ့၊ ၁၄း၀၀နာရီ
၃။ နေရာ - နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

	တယ်လီဖုန်းအမှတ်
မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)	**၅၆၁၃၉၁**
၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	**၅၆၆၇၁၅**

ရောင်းရန်ရှိသည်

၁။ အင်းလျားမြိုင်လမ်းမတန်း ၈၀'x၁၀၀' ပေါ်ရှိ နှစ်ထပ်တိုက်

(ရေ၊မီး၊ဖုန်းပါ) ဖုန်း-၅၄၉၁၄၄၊ ၀၉-၉၉-၂၂၂၅၉၊ ၀၉-၅၀-၂၂၁၅၉။

01-513109, 500544, 701387

ကန့်ကွက်နိုင်ပါသည်

ရွှေပေါက်ကံ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်-၁၄၈၃ အမည်ပေါက် ဒေါ်တင်ပြုံး မြေကွက်ကို မြေယာရုံးခွဲ(၅)၌ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် ထုတ်ယူမည်ဖြစ်၍ ကန့်ကွက်လိုသူများ အဆိုပါရုံးခွဲသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဒေါ်တင်ပြုံး**

၇/ပခန(နိုင်)၀၁၂၈၈၂

အမှတ်-၄၁၅၊ နွယ်နီ(၂)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၆၄၉ Honda C90 Custom Cms M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၆၅၆၈၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်တော်၏ဇနီး ဒေါ်မြင့်မြင့်ကြည် ၁၄/မအပ(နိုင်)၁၁၁၂၂၆ သည် အိမ်မှ ရွှေ၊ ငွေ၊ လက်ဝတ်လက်စားများယူဆောင်၍ဆင်းသွားပြီးခွင့်မလွှတ်နိုင်သောကိစ္စများကို ကျူးလွန်ခဲ့သဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဒေါ်မြင့်မြင့်ကြည်နှင့်ပတ်သက်သော ကိစ္စများကို ကျွန်တော်ဦးမြင့်စိုးနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း။ **ဦးမြင့်စိုး**

၁၄/မအပ(နိုင်)၁၁၁၂၂၅

ဂန့်ဂေါ်လမ်း၊ ရွာလယ်ပိုင်းရပ်ကွက်၊ ရေလဲကလေးရွာ၊ မအူပင်မြို့နယ်။

MYANMAR BOOK CENTRE

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

၂။

စဉ်	ပစ္စည်းအမျိုးအမည်	ဦးရေ
(1)	A3 Colour Scanner	1 Set
(2)	Lap top Computer	2 Sets
(3)	Large Format Colour Printer	1 Set
(4)	Civil Cad software	2 Sets

ဈေးနှုန်းလွှာပိတ်ရက်နှင့်အချိန်-၁၃-၂-၂၀၀၇ ညနေ(၄း၀၀)နာရီ

၃။ ဈေးနှုန်းလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြင်ဆင်ထိန်းသိမ်းရေးနှင့် ဖြည့်တင်းရေးဌာနခွဲ၊

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)၊

စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊

ဖုန်း-၀၁-၆၆၇၂၇၉၊ ၀၁-၆၆၇၃၀၈။

မီးကြွင်း မီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ မီးဘေးအန္တရာယ် ကင်းရှင်းစေရေး ကြိုတင်ကာကွယ်

ရွှေတောင် ဇန်နဝါရီ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင် အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့်လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစီမံချက်အရ ပဲခူးတိုင်း (အနောက်ပိုင်း) မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးလှမြင့်၊ ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ရွှေထွန်းတို့နှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်တို့အဖွဲ့သည် ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀နာရီက အဆိုပါစက်ရုံအတွင်းသွားရောက်စစ်ဆေးခဲ့ကြရာ စက်ရုံတာဝန်ရှိသူများက စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စက်ရုံ၏မီးသတ်ယာဉ်များကြံ့ခိုင်ကောင်းမွန်မှုတို့ကို လိုက်လံပြသခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ဟိုပန်မြို့ ဓမ္မဗိမာန်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း

ဟိုပန် ဇန်နဝါရီ ၂

သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် သိန်းနီမြို့နယ် နောင်တာနှင့်ကျောင်းထိုင်ဆရာတော်တို့အား အမှူးထား၍ မတည်အလှူရှင် လားရှိုးမြို့ ရပ်ကွက်(၁၂)မှ သာသနာပြု ဦးဖရားထမ်း (သဒ္ဓမ္မဇောတိကဓဇ)နှင့် ဇနီး ဒေါ်နန်းမြရင် မိသားစု၊ ရပ်ဝေးရပ်နီးအလှူရှင်များ စုပေါင်းပြီး ဇန်နဝါရီ ၁ ရက်က ဟိုပန်မြို့နယ် ပန်လုံကျေးရွာ 'ဝ'ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်းရှိ ဓမ္မဗိမာန်(RC)ကျောင်းဆောင်သစ်ကို စုစုပေါင်းငွေကျပ်သိန်း၁၂၀၀ ဖြင့် အကုန်အကျခံကာ ရေစက်ချလှူဒါန်းကြကြောင်းသိရသည်။**(က-ပ)**

မြို့နယ်သတင်းများ

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇန်နဝါရီ ၇ရက်က မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကြမ်းတိုက်-တောင်တိုက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

အမျိုး၊ ဘာသာ၊ သာသနာ အကျိုးဖော်ဆောင်နိုင်ရန်နှင့် အမျိုးသားရေးကိုရှေးရှုလျက်

NLD မှ နုတ်ထွက်သူများ လက်တွဲပြီး ဝံသာနု NLD အဖွဲ့ကို ဖွဲ့စည်းထူထောင်ဆောင်ရွက်

အဆိုးမြင်ဝါဒဖြင့် အမျိုးသားရေးအကျိုးစီးပွားပျက်အောင် လုပ်နေသော NLD ၏ လုပ်ရပ်များအား တုံ့ပြန်သွားမည်

ပြည်ပအားကိုးမှုလွန်ကဲပြီး ဒီမိုကရေစီလမ်းစဉ်ကို ပစ်ပယ်နေသော NLD ၏ အလားအလာသည် ကျဆုံးခန်းတိုင်နေပြီဖြစ်ကြောင်း ဝံသာနု NLD အဖွဲ့က ဝေဖန်သုံးသပ်ထား ၎င်းတို့၏ ဆန္ဒသဘောထားအကြောင်းကြားလွှာကို NLD ဗဟိုသို့ ပေးပို့ဖြန့်ဝေခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)အဖွဲ့က ၎င်းတို့၏ ဆန္ဒ သဘောထားများကို ဖော်ပြရေးသားထားသည့် အကြောင်းကြားလွှာအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရုံးသို့ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ပေးပို့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ အကြောင်းကြားလွှာတွင် NLD ဗဟိုသည် ပြည်တွင်းမှ ပါတီဝင်တို့၏သဘောထားကို အလေးဂရုမပြုဘဲ ပြည်ပအနောက်နိုင်ငံများကိုသာ အားထားမှီခိုမှု လွန်ကဲခြင်း၊ မူလချမှတ်ထားရှိခဲ့သည့် ဒီမိုကရေစီအခြေခံ မူဝါဒလမ်းစဉ်များကို ပစ်ပယ်ခြင်း လုပ်ရပ်အမှားများ ကျူးလွန်ပြီး လမ်းလွဲကာ နိုင်ငံ့အကျိုးစီးပွားကို မဖော်ဆောင်နိုင်ရုံမက အဖွဲ့ချုပ်၏ ကောင်းကျိုးကိုပင် လုပ်ဆောင်နိုင်ခြင်း မရှိတော့ကြောင်း။

NLD သည် အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား တစ်မျိုးသားလုံးကို နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ရောက်အောင် တွန်းပို့နေကြောင်း၊ ထိုအချက်ကို အနောက်နိုင်ငံကြီးများမှ သံတမန်ဆိုသူများနှင့် ကြိမ်ဖန်များစွာ ကူးလူးဆက်ဆံနေခြင်း၊ ထိုသံရုံးများမှ ဖွင့်လှစ်သည့် သင်တန်းမျိုးစုံသို့ တက်ရောက်သင်ကြားနေခြင်းတို့က ပေါ်လွင်ထင်ရှားစွာ သာဓကေ ပြဆိုလျက်ရှိကြောင်း။

ပြည်ပဆရာကြီးများ၏ပံ့ပိုးကူညီမှုကိုမျှော်ကိုးပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အတိဒုက္ခရောက်စေရန်အတွက် NLD က မဟုတ်မမှန် လုပ်ကြံစွပ်စွဲ တိုင်တန်းသတင်းပေးပို့နေခြင်းသည် အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံ့အကျိုးကို ထိခိုက်နစ်နာစေသော လုပ်ရပ်များဖြစ်ကြောင်း။

ထို့ကြောင့် NLD ပါတီ၏ ရှေ့အလားအလာမှာ ကျဆုံးခန်းတိုင်နေပြီဖြစ်ကြောင်း၊ အမျိုးသားရေး အကျိုးစီးပွားပျက်စီးအောင် ကြံစည်လုပ်ဆောင်နေသူများအား ဝံသာနု NLD အဖွဲ့က ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)က NLD ဗဟိုသို့ ပေးပို့ဖြန့်ဝေခဲ့သော အကြောင်းကြားလွှာ အပြည့်အစုံကို အများပြည်သူများ သိရှိနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။ **(သတင်းစဉ်)**

သို့

ဥက္ကဋ္ဌ /အထွေထွေအတွင်းရေးမှူး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

အကြောင်းအရာ။ **ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ NLD ဗဟိုရုံးသို့ အကြောင်းကြားလွှာပေးပို့ခြင်း**

ရည် ညွှန်း ချက် ။ (၁) **ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ ၂၀၀၇ခုနှစ် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သည့် ပြည်သူသို့ သတင်းထုတ်ပြန်ကြေညာချက်**

(၂) **လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် Double Veto သုံး၍ ကန့်ကွက်ခြင်းအတွက် ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ သဘောထားကြေညာချက်(၁၆–၁–၂၀၀၇)။**

၁။ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)သည် ယခုနှစ် လွတ်လပ်ရေးနေ့တွင် ပြည်သူသို့ သတင်းထုတ်ပြန်ကြေညာချက်ကို ဆောင်ရွက်ခဲ့သည်။ အမျိုးဘာသာ သာသနာအကျိုးအတွက် အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးများကို ဖော်ဆောင်ရန်အလို့ငှာ NLD သို့ ဝင်ရောက်ခဲ့ကြပါသည်။

၂။ သို့သော် အဖွဲ့ချုပ်ဗဟိုသည် ပြည်တွင်းပါတီဝင်တို့၏ သဘောထားကို အလေးဂရုမထားဘဲ (ဗဟိုကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဗဟိုအလုပ်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း စည်းရုံးရေးမှူးများ၊ မြို့နယ်စည်းများနှင့် ရပ်/ကျေး စည်းများအားလုံးကို စည်းရုံးဖော်ဆောင်ရမည့်အစား) ပြည်ပနိုင်ငံများ (အထူးသဖြင့် အနောက်တိုင်းနိုင်ငံကြီးများ)ကိုသာ အားကိုးမှီခိုလွန်းခြင်း၊ ချမှတ်ပြီးခဲ့သည့် ဒီမိုကရေစီအခြေခံမူဝါဒလမ်းစဉ်များကို ပစ်ပယ်ခြင်းနှင့် နိုင်ငံတော်အကျိုးကိစ္စများကို ဖော်ဆောင်နိုင်ဖို့ဝေးစွ မိမိအဖွဲ့ချုပ်၏ ကောင်းကျိုးကိုပင် ဖော်ဆောင်နိုင်စွမ်း မရှိကြောင်း၊ လမ်းလွဲသို့ ရောက်ရှိနေကြောင်း လေ့လာသိရှိခဲ့ရပါသည်။ အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား အမျိုးသားတစ်ရပ်လုံးကို သူ့ကျွန်ဘဝ၊ နောက်မြီးဆွဲဘဝသို့ ခေါ်ဆောင်သွားခြင်း၊ အနောက်တိုင်း ပြည်ပနိုင်ငံများကိုသာ အားကိုးနေခြင်း၊ မူလနိုင်ငံရေးယုံကြည်ချက် ပပျောက်လာခြင်း၊ အနောက်နိုင်ငံကြီးများ၏ သံတမန်ဆိုသူများနှင့် ကြိမ်ဖန်များစွာ ကူးလူးဆက်ဆံနေခြင်း၊ ထိုသံရုံးများသို့ သင်တန်းမျိုးစုံ တက်ရောက်သင်ကြားစေခြင်းများသည် ထင်ရှားသည့်သာဓကေများဖြစ်ပါသည်။ နိုင်ငံတော်နှင့်နိုင်ငံတော်သားများ ဒုက္ခရောက်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ပင် ပြည်ပဆရာကြီးများ၏ ပံ့ပိုးမှုဖြင့် မဟုတ်တရား စွပ်စွဲတိုင်တန်းခြင်းတို့အတွက် အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်အကျိုးကို ဆုတ်ယုတ်နစ်နာစေနိုင်ပါသည်။

၃။ NLD နုတ်ထွက်သူများက ယခုအခါ၌ အမျိုးဘာသာ၊ သာသနာအကျိုး ဖော်ဆောင်နိုင်ရန် ဝံသာနု NLD ကို ထူထောင်ဖွဲ့စည်းရခြင်း ဖြစ်သည်။ NLD မှ နုတ်ထွက်ခဲ့ကြသူများအနေနှင့်မူ NLD သည် မူလရည်ရွယ်ချက်မှ သွေဖည်ကာ အဆိုးမြင်ဝါဒကို လက်ကိုင်ပြုနေခြင်း၊ အမျိုးသားရေး အကျိုးစီးပွားကို ပျက်သုဉ်းစေခြင်းများ တစိုက်မတ်မတ်လုပ်ဆောင်နေမှုကို တုံ့ပြန်ရန်အလို့ငှာ ဝံသာနု NLD (ပြည်ထောင်စု မြန်မာနိုင်ငံ)အဖွဲ့က ပြတ်ပြတ်သားသား အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ မန္တလေးတိုင်း မြို့ပေါ် ရပ်ကွက်ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းတွင် ယနေ့အခါ၌ NLD ၏ ရှေ့အလားအလာကျဆုံးနေသဖြင့် ဤဝံသာနု NLD ၏သဘောထားရပ်တည်ချက်ကို ကျေနပ်ထောက်ခံသူအင်အားမှာ တစ်စထက်တစ်စတိုးချဲ့ ဖော်ဆောင်နိုင်နေပြီ ဖြစ်ပါသည်။

၅။ ဝံသာနု NLD သည် အမျိုးသားအကျိုးစီးပွားအတွက် ရှေးရှု၍ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစည်းအရုံးနှင့်မဆို လက်တွဲပူးပေါင်းသွားမည် ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွား ပျက်ရာပျက်ကြောင်း ကြံရွယ်ဖော်ဆောင်နေသူများကိုလည်း ပြည်သူလူထုနှင့် အတူ ပူးပေါင်းကာကွယ်ဆန့်ကျင် တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ဦးစီးအဖွဲ့
ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)။

ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူများက ပြည်တွင်းနိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုနှင့်ဆက်စပ်ပြီး ဖောက်ခွဲဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများ ပူးတွဲလုပ်ဆောင်ရန် ကြံစည်အားထုတ်လျက်ရှိ

ကြိုတင်ကာကွယ်တားဆီးတိုက်ဖျက်နိုင်ရေး ဆောင်ရွက်ထားရှိသော အစီအမံများနှင့်အညီ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားကြရန် အများပြည်သူတို့အား တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ၌ ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတင်နိုင်ရန် အားထုတ်လုပ်ကြံနေသော ကိုလိုနီနယ်ချဲ့လက်သစ်နိုင်ငံအချို့နှင့် နယ်ချဲ့အလိုကျ လိုက်ပါအသုံးတော်ခံနေကြသည့် ပြည်ပအားကိုး အမျိုးသားသစ္စာဖောက်များက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အကြောင်းပြချက်များ ထပ်မံဖန်တီးစွပ်စွဲနိုင်ရေးအတွက် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းစီစဉ် လုပ်ဆောင်လျက်ရှိနေကြသည်။

ယင်းအစီအစဉ်အရ ပြည်ပြေးအကြမ်းဖက် သောင်းကျန်းသူများက ပြည်တွင်းနိုင်ငံရေး ဆန့်ကျင်လှုပ်ရှားမှုများနှင့် ချိန်ကိုက်ပြီး မတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများဖြစ်ပွားအောင် အကြမ်းဖက် ဖောက်ခွဲမှုနှင့် အဖျက်အမှောင့် လုပ်ငန်းများ ဆက်စပ်လုပ်ဆောင်ရန်အတွက် ပြည်တွင်းသို့ ဖောက်ခွဲရေး သမားများ စေလွှတ်နေသည့်သတင်းများ ဖော်ထုတ်ရရှိသဖြင့် ထုတ်ပြန် အသိပေးလျက်ရှိသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ABSDF အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့က ရန်ကုန်မြို့သို့ ဖောက်ခွဲရေးသမားခုနစ်ဦး စေလွှတ်ခဲ့ကြောင်း၊ ၎င်းတို့အတွက် ဖောက်ခွဲရေးပစ္စည်းများကို မြဝတီမြို့ သောင်းရင်းမြစ်ကမ်း ဘုရားလေးဂိတ်နှင့် ကျောက်တန်း ကားဂိတ်တို့ဘက်မှ လျှို့ဝှက်ပို့ဆောင် မည်ဖြစ်ကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများ ပို့ဆောင်မှုကို မဲဆောက်ရှိ ABSDF ကျွဲကြီးဆိုသူက ဦးဆောင်ပြီး လေးလေးသန်း (ခေါ်) မချို

စာမျက်နှာ ၅ ကော်လံ ၄